ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ (26-9-2010) (၆၅၃၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဘက်စုံကဏ္ဍ စုံ ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့်နိုင်ငံသားများဖြင့်သာ တည်ဆောက်ရမည် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးပညာပေးလုပ်ငန်းများ ပြည်သူများအတွင်း ထိရောက်ပျံ့နှံ့စွာ ဆောင်ရွက်ရန်လို

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသစ်ရှေ့၌ ကျင်းပသည့် မြို့နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးရုံသစ် မော်ကွန်းကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးယောသပ်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)နှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးယန်ကျင်ကန်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။

မြကြေးမှုံ The Mirror

၂၆-၉-၂၀၁၀
(တနင်္ဂနွေနေ့)

လူမှုစီးပွားဘဝ တိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်

ကမ္ဘာ့နိုင်ငံတိုင်းက မိမိတို့နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုကြိုးပမ်းနေကြပြီ။ မြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်ဖြစ်ရာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး ပိုမိုကြိုးစား အားထုတ်သွားကြရပေမည်။ အခြားနိုင်ငံများကို မီလာသည့်တိုင် ရရှိနေသည့် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းသွားကြရဦးမည်။

တည်ငြိမ်အေးချမ်းနေမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်း တရားဥပဒေ စိုးမိုးမှုရှိသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်နိုင်ပေမည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထား ကြိုးပမ်းနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် ပြည်ထောင်စုတစ်ဝန်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ပေးနေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းလာရေး အမျိုးသားရည်မှန်းချက် ပန်းတိုင်အရောက် ပြည်သူတို့နှင့်အတူ လျှောက်လှမ်းလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံရရှိနေပြီ။ တောင်ပေါ် မြေပြန့်မကျန် လမ်းပန်းဆက်သွယ်မှုအပါအဝင် ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နေကြရပြီ။ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းသာယာခြင်း၏ အကျိုးရလဒ်၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီ။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာနေပြီ။ အခြေအနေကောင်း၊ အခြေခံကောင်းများကို ရရှိနေပြီ။ အရှိန်အဟုန်ရရှိနေသည့် ယင်းအခြေခံကောင်းများကို အနာဂတ်မျိုးဆက်သစ်များအတွက် အမွေခံကောင်းများ ဖြစ်လာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းကာကွယ်သွားကြရပေမည်။

နိုင်ငံ အေးချမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဆန္ဒဖြစ်သည်။ တိုင်းရင်းသား ပြည်သူများအားလုံးတို့က ရရှိဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှုခွန်အား၊ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများနှင့်အတူ နိုင်ငံတော်သစ်တည်ဆောက်ရေး အမျိုးသားရေးပန်းတိုင်အရောက် ဆက်လက်ကြိုးပမ်းလျှောက်လှမ်းကြရမည် ဖြစ်ပါသည်။ ။

News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၁၁) ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

နေပြည်တော်-ရန်ကုန် မြန်နှုန်းမြင့် ရထားလမ်း တရုတ်-မြန်မာ ပူးပေါင်းဖောက်လုပ်မည်၊ ပုဂ္ဂလိကစက်သုံးဆီ ၃၀ ရာခိုင်နှုန်း လျှော့ချဖြန့်ဖြူးမည်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ကျောက်စိမ်း ၂၅၇ သိန်း ကီလိုဂရမ် တူးဖော်လုပ်ကိုင်နိုင်ခဲ့၊ မြန်မာ-ဗီယက်နမ် ကုန်သွယ်မှုပမာဏ မြင့်တက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းဝင် တံတားများ၌ ယာဉ်ဖြတ်သန်းခ သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံလျက်ရှိ၊ EU နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ငါးမြစ်ချင်း အများဆုံးတင်ပို့နေရ၊ ငွေတိုက်စာချုပ်များ ရောင်းချခြင်းနှင့် ပက်သက်၍ MSEC မှ အမှုဆောင် ဒါရိုက်တာနှင့် တွေ့ဆုံခြင်း၊ ခုတင်(၁၀၀)ဆံ့ ဘိုကလေးမြို့ ဆေးရုံကြီး စတင်တည်ဆောက်၊ မင်္ဂလာပွဲအတွက် အရေးပါတဲ့ မှတ်တမ်းဓာတ်ပုံ၊ သတ်မှတ်ကာလပြည့်သော်လည်း ပုဂ္ဂလိက ဆီဆိုင်များ ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်ဖြင့်သာ ရောင်းချ၊ မြန်မာ-ထိုင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရန်စီစဉ်၊ မြန်မာနိုင်ငံတွင် ဆန်စားသုံးမှု တစ်နှစ် တန်ချိန် ၁၃ သန်းခန့်ရှိ၊ ရေချိုငါးမွေးမြူရေးကန်များအတွက် တစ်ဧက ငါးသိန်း ထုတ်ချေး၊ ယုဇနပလာဇာတွင် ဝန်ဆောင်ခနှုန်းထားများ နှစ်ဆတိုးမြှင့် ဆိုင်ခန်းငှားရမ်းသူများ အခက်အခဲရှိ၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ၏ ဒီဇယ်ဈေးနှုန်း အနည်းငယ်ကျဆင်း၊ ပွဲလီရှုပ်ထွေး အင်တာနက်အရေး၊ နတ်တလင်းမြို့မှ မြင့်မြတ်နှလုံးသားဖြင့် ခရီးသွားနေသူများ၊ ရွေးကောက်ပွဲရှုံးသော်လည်း ပါတီမရှုံးစေနဲ့၊ ARV ဆေး ပြည်တွင်းအလှူရှင်များထက် ပြည်ပအလှူရှင်များကို အားထားနေရ၊ မျိုးဆက်သစ်တွေကို လက်တွဲမယ့် လူမင်း၊ ဘာသာရေးဘက်မှာ အားနည်းချက် မဖြစ်ချင်တဲ့ ထွန်းအိန္ဒြာဗို၊ မို့မို့မြင့်အောင်ရဲ့ လောကဓံကြားက နှုတ်ထွက်စကား၊ အရှိန်ကောင်းကောင်းနဲ့ ခရီးဆက်နေတဲ့ သင်ဇာဝင့်ကျော်၊ အချစ်ရေးစိတ်မဝင်စားသေးတဲ့ ပပဝင်းခင်၊ ပါကစ္စတန်ရေဘေး အကူအညီပိုမိုပေးကြရန် ကုလတိုက်တွန်း၊ HIV ရောဂါနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခဲ့သူ လေတပ်သား တရားရင်ဆိုင်ရမည်၊ လိင်ဆက်ဆံမှုမှတစ်ဆင့် ရောဂါကူးစက်ခံရသူ ဗြိတိန်တွင် စံချိန်တင်၊ မက္ကဆီကို ပင်လယ်ကွေ့မှ ရေနံယိုဖိတ်သည့် တွင်းဝအားပိတ်ဆို့နိုင်ပြီ၊ မောင်ချစ်စု၏ အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲ၊ ထွင်ရှုဝင်းထွင်ရှု၏ တရုတ်တိုးတက်ဖြစ်ထွန်းမှု ဘယ်လမ်းကြောင်းကို ဦးတည်နေသလဲ၊ တရုတ်-ဂျပန် ဆက်ဆံရေး တင်းမာမှုများမြင့်တက်၊ စောင့်ကြည့်ဂျာနယ်မှ စောင့်ကြည့်ရမည့် ပုဂ္ဂိုလ်များ အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရှိ သင်တန်းများ ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန Maritime Training Centre (DAWBON) ၌ Pacific Flory Internation Co., Ltd. က ဖွင့်လှစ် သင်ကြားမည့် ပင်လယ်ရေကြောင်း ကုန်းပတ်အရာရှိ အဆင့်(၃) ကျွမ်းကျင်မှုသင်တန်း (၂/၂၀၁၀) သင်တန်းခန်းမသို့ ရောက်ရှိရာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦး၊ Maritime Training Centre မှ ဦးကိုကိုနိုင်၊ သင်တန်းမှ Chief Instructor ကပ္ပတိန်ဦးစိုးလွင်နှင့် ညွှန်ကြားရေးမှူး (ရေကြောင်း) ဦးငွေဝင်းတို့က သင်တန်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းများတွင် ပို့ချမည့် IMO မှ ထုတ်ပြန်ပြဋ္ဌာန်းထားသော သင်တန်းညွှန်းတမ်းစာအုပ်များ၊ နည်းဥပဒေများနှင့် ပင်လယ်ကူးသင်္ဘောသားများ လိုက်နာရမည့် စာအုပ်များ ပြသထားရှိမှု၊ သင်တန်းခန်းမ၌ သင်တန်းသားများ စာပေသင်ကြားနေမှု၊ Maritime Training Centre (DAWBON)ရှိ GMDSS သင်တန်း၊ RADAR/ ARPA သင်တန်းနှင့် Full Mission Bridge Simulator တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပင်လယ်ရေကြောင်း ကုန်းပတ်အရာရှိ အဆင့်(၃) ကျွမ်းကျင်မှုသင်တန်း (၂/၂၀၁၀) သင်တန်းခန်းမ၌ သင်တန်းသားများ စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငါးသယံဇာတ ထိန်းသိမ်းရေးဟောပြောပွဲ ကျိုက်ထိုမြို့နယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်၏ ညွှန်ကြားမှုအရ ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးမြင့်၊ ခရိုင်ဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင် ၅၀ တို့ တက်ရောက်ကြပြီး ပြည်နယ်ဦးစီးဌာနမှူးက ငါးသယံဇာတ ပေါကြွယ်ဝစေရေး ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမဖမ်းရ ရာသီချိန်များတွင် ငါးမဖမ်းဆီးရေး၊ တရားမဝင် ငါးဖမ်းနည်းများနှင့် ငါးဖမ်းကိရိယာများဖြင့် ငါးမဖမ်းဆီးရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြော၍ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖာဆောင်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၅

ကယားပြည်နယ် ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ဖာဆောင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်းနှင့် လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက်တွင် ဖာဆောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၁၅၀တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးချမ်းမြေ့စောက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့က ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲစာရင်းစစ်ဆေးသူများ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် အဆင့်ဆင့်တို့ကို ဟောပြောပို့ချကြပြီး သင်တန်းသား၊ သင်တန်းသူတို့၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် မဲပေးမှုသရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ မဲဆန္ဒရှင် ၁၀၀ တက်ရောက်၍ သရုပ်ပြခြင်း လုပ်ငန်းများကို လက်တွေ့ပြသ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တံတားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအစီအစဉ်အရ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ ခြင်ထောင်ဆေးစိမ်လုပ်ငန်းနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို စက်တင်ဘာ ၁၈ ရက်တွင် အမှတ်(၁)ရပ်ကွက်အတွင်း၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများပူးပေါင်း၍ ၃၃ လမ်းအထက် နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူဇော်က ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းဖွင့်လှစ်ပို့ချမည်

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံစာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာန ဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ၁၀ လကြာ နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ဖွင့်လှစ်ရန် စီစဉ်ထားပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ အထိ နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ ဘွဲ့ရအစိုးရ ဝန်ထမ်းများလျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံကို အောက်တိုဘာ ၁ ရက်မှ ၂၉ ရက်အထိ ရုံးချိန်အတွင်း နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းသို့ လူကိုယ်တိုင် လာရောက်ဝယ်ယူနိုင်ကြောင်း၊ အသေးစိတ် အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၂၀၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးသည် ယနေ့နံနက် ၉ နာရီ ၅၄ မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုဇုန် (၄) စက်ဆရာဦးထွန်းလမ်းရှိ ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက်၌ ကျင်းပသည့် ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)နှင့် Myanmar Force Industry & Manufacturin Co., Ltd. ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်တင်ငွေက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက စက်ရုံဆိုင်းဘုတ်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများက စက်ရုံဆိုင်းဘုတ်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ စက်ရုံရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ စက်ယန္တရားများဖြင့် မော်တော်ယာဉ် ပစ္စည်းများ၊ အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ မော်တော်ယာဉ်ကိုယ်ထည် တွဲဆက်ခြင်းနှင့် ကြေးချွတ်မှုလုပ်ငန်း အဆင့်ဆင့်၊ မော်တော်ယာဉ် ဆေးမှုတ်ခြင်းနှင့် အရောင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မော်တော်ယာဉ် စက်ပစ္စည်းများ တပ်ဆင်နေမှု၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များအား အရှိန်စမ်းသပ်ခြင်း၊ ဘရိတ်၊ ရှေ့မီးကြီးနှင့် အလိုင်းမင့် စမ်းသပ်မှု၊ မော်တော်ယာဉ် ရေလုံ၊ မလုံ စမ်းသပ်စစ်ဆေးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်ရုံခန်းမ၌ ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမျိုးဝင်းက စက်ရုံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါစက်ရုံ၏ အကျယ်အဝန်းမှာ ဧရိယာ ၄ ဒသမ ၀၁၄ ဧကရှိပြီး စက်ရုံမှ Royal Chariot Micro Bus (Grade I)၊ Super Chariot Micro Bus (Grade II) နှင့် Limited Chariot Micro Bus (Grade III)အမျိုးအစား သုံးမျိုးကို ရမ္မာ မော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက်က နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားပြီး လက်ရှိတပ်ဆင်ထားသည့် စက်ပစ္စည်းများ၏ စက်စွမ်းအားအရ စွမ်းအားပြည့် လည်ပတ်ပါက အလုပ်ချိန် ရှစ်နာရီလျှင် မော်တော်ယာဉ် ၁၆ စီး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အဆိုင်း သုံးဆိုင်းဖြင့် ထုတ်လုပ်ပါက တစ်ရက်လျှင် မော်တော်ယာဉ် ၄၈ စီး ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ "လာအတူသွားကြစို့"
- ၈း၃၀ ၈။ အတီးပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၆)**
- ၁၂း၂၀ ၅။ Golf Magazine(TV)
- ၁၂း၄၀ ၆။ **"မပြောပေမယ့်ကြားနေရတယ်" (ကောင်းခန့်၊ နေမင်း၊ မိုးယံဇွန်၊ ကျော်ထက်ခေါင်၊ ဇော်ဝင်းမောင်၊ သက်မွန်မြင့်၊ ချောရတနာ၊ စံပယ်မိုး) [ဒါရိုက်တာ-ကိုဇော် (အရှက်ဦး)]**
- ၂း၁၀ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၂း၃၀ ၈။ အကပြိုင်ပွဲ
- ၂း၄၀ ၉။ International News
- ၂း၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ AFC President's Cup 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) [Yadanarbon (MYA) အသင်းနှင့် Dordol Bishkek (KG)အသင်း]
- ၅း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၅း၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၄၀ ၅။ "ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင်"
- ၅း၅၀ ၆။ တေးဂီတအစီအစဉ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ **ကာတွန်းအစီအစဉ်** "BUGS'ADVENTURES" **(အပိုင်း-၃၀)**
- ၆း၄၀ ၁၀။ **တစ်မျက်နှာတစ်ကွက်စာ "စကားဝိုင်းလေးဖွဲ့ပါရစေ" (လေပြေ၊ အိမ့်ဖူးငယ်၊ ဒေါ်ခင်ခင်ကြီး) [ဒါရိုက်တာ-မေတင်(MMG)]**
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၁၈)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၆၁)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၂၂)**
- ၁၈။ အစီအစဉ်ပြီး၏။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးယောသပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

လေးစားအပ်ပါသော ရေဒီယိုနှင့်ရုပ်မြင်သံကြား ဖန်သားပြင်ပေါ် ကြည့်ရှု အားပေးကြပါသော မိဘပြည်သူပရိသတ် အပေါင်းတို့ခင်ဗျား. . .

ယခုလို ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ် မိမိတို့၏ မူဝါဒ သဘောထားနှင့် လုပ်ငန်းစဉ်များကို စည်းရုံးဟောပြော ထုတ်လွှင့်ခွင့်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်တင်ပြခွင့်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ဦးယောသပ်ဖြစ်ပါတယ်။ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မူဝါဒ သဘောထားများကို ရှေးဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မူဝါဒ သဘောထားများမှာ-

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ ခေတ်မီ တိုးတက်သည့် နိုင်ငံတော်ကြီးတစ်ရပ်အဖြစ်တည်ဆောက်ရာတွင် စစ်မှန်သော ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီ အနေဖြင့် ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဒီမိုကရေစီနှင့်ကျင့်သုံးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လားဟူအမျိုးသားများနေထိုင်ရာ ဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအင်အားကို ရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်နိုင်ရန် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို လားဟူဘာသာဖြင့် (လားဟူချေကျူအူလာမူလာတူပါတီ)ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party) ဟု ခေါ်ဆိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတော်အကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံသည် အလျား ၅ပေ၊ အနံ ၂ ဒသမ ၅ပေရှိပြီး အလံတစ်ခုလုံးရဲ့ ရှေ့ဘက်မှာ အဖြူရောင် သုံးနားညီတြိဂံ ထောင်ထားပါတယ်။ အနီရောင်နှင့် မိုးပြာရောင်တို့သည် အလံ၏ အလျားလိုက်ထက်ဝက်စီဖြင့် အရောင်ခြယ်ထားပါတယ်။

ထောင်ထားသော သုံးနားညီတြိဂံ၏ အဖြူရောင်နောက်ခံ၌ လားဟူရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ အစဉ်အဆက်အသုံးပြုသော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထား၍ ကြက်ခြေခတ်ဆုံတဲ့နေရာတွင် စပါးနှံတစ်နှံထောင်ထားပြီး စပါးနှံထိပ်တွင် ကြယ်နီတစ်ပွင့်ရှိပါတယ်။

အလံ၏ အဓိပ္ပာယ်ဖော်ပြချက်ကတော့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတွင် ပါဝင်သော အဖြူရောင်၊ တြိဂံ၊ ဘူးခါးပလွေ၊ စပါးနှံနှင့် ကြယ်နီတစ်ပွင့်တို့ရဲ့ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

- အဖြူရောင်ကတော့ ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကတိသစ္စာရှိခြင်းကို အသွင်ဆောင်ပါတယ်။ အနီရောင်ကတော့ ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ ရဲရင့်တည်ကြည်ခြင်းကို ဖော်ဆောင်ပြီး မိုးပြာရောင်ကတော့ ကြည်လင်အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ညွှန်းပါတယ်။
- တြိဂံသည် လားဟူအမျိုးသားများ၏ ဘုရား၊ တရားကို သက်ဝင်ယုံကြည်ကိုင်းရှိုင်းခြင်း၊ မျိုးချစ်စိတ်ရှိခြင်းနှင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်းတို့ကို ဆိုလိုပါတယ်။
- ဘူးခါးပလွေကတော့ ခေတ်အဆက်ဆက်မှ လားဟူအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ စည်းလုံးညီညွတ်မှုအသွင်ဆောင်လျက် အထွတ်အမြတ်ထားခြင်း၊ ကတိသစ္စာရှိခြင်း၊ မည်သည့် နေ့ထူးနေ့မြတ် ပွဲလမ်းသဘင်တွင်မဆို ဘူးခါးပလွေ တီးမှုတ်လျက် တစည်းတလုံးတည်းဖြင့် ဂုဏ်ပြုကခုန်ပြီး စည်းလုံးညီညွတ်မှုကို ခံယူပါတယ်။
- စပါးနှံသည် လားဟူအမျိုးသားတို့ရဲ့ ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက် အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ဦးထိပ်ထားလျက် ဖွံ့ဖြိုးတိုးတက်ရေးအသွင်ကိုဆောင်ပါတယ်။
- ကြယ်နီတစ်ပွင့်ကတော့ လားဟူအမျိုးသားအားလုံး ကိုယ်စားပြုသည့် ကြယ်နီတစ်ပွင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စည်းတံဆိပ်မှာ အဝိုင်းပုံဖြစ်ပြီး ထိပ်ဆုံး၌ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟူ၍ မြန်မာဘာသာဖြင့် ရေးသားထားပြီး အောက်ပိုင်းတွင် လားဟူဘာသာဖြင့် ရေးသားထားပါတယ်။ မြန်မာဘာသာနှင့် လားဟူဘာသာစပ်ကြား တစ်ဖက်တစ်ချက်တွင် ကြယ်တစ်ပွင့်စီ ပါရှိပါတယ်။ တံဆိပ်၏အလယ်ဗဟိုတွင် လားဟူရိုးရာယဉ်ကျေးမှုရဲ့ အထွတ်အမြတ်ဖြစ်သော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ထားပြီး ကြက်ခြေခတ်ဆုံတဲ့နေရာတွင် မှည့်ဝင်းနေသော စပါးနှံတစ်နှံကို ထောင်ထားပါတယ်။ စပါးနှံရဲ့ ထိပ်တွင် ကြယ်တစ်ပွင့်ပါရှိပါတယ်။ ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထားသည့် ဘူးခါးပလွေအောက်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက်ဖြစ်သော (LNDP) စာလုံးကိုရေးသားထားပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်မှာ-

- ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေး အဓွန့်ရှည်ရေးစသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။
- လားဟူတိုင်းရင်းသားလူမျိုးစုတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာဖွံ့ဖြိုးတိုးတက် ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။
- နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။
- တစ်မျိုးသားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာဒေသ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။
- နိုင်ငံတော်နှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများမှ အကျိုးရှိမည့် အတွေ့အကြုံများ၊ လုပ်နည်း လုပ်ဟန်များကို ရယူကျင့်သုံး အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။



ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြမည် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များမှာ-

- ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများနေထိုင်ရာဒေသအတွင်းရှိ နယ်သူ၊ နယ်သားများအားနိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင် ရှိလာစေရန်နှင့်မိမိတို့ နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာအစဉ်အမြဲ တိုးတက်ရှင်သန် မြင့်မားလာစေရေးအတွက် စည်းရုံးလေ့ကျင့် ပြုစုပျိုးထောင်သွားမည်။
- တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသ၏ တိုးတက်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်သွားမည်။
- မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ်၊ အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာ ဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။
- မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူ၊ နယ်သားများက ဘိုးဘေးဘီဘင် အစဉ်အလာဖြင့် အဓိက စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ ပပျောက်သွားရေးနှင့် ဘိန်းအစား ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမည်။
- လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကျင့်သုံးသွားမည်။
- လားဟူ တိုင်းရင်းသား လူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ အနုပညာများကိုဖော်ထုတ်ပြီး တိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။
- အရပ်ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင် လုပ်ကိုင်ဆောင်ရွက်သွားမည်။ ဆင်းရဲချမ်းသာမရွေး၊ လူတိုင်း အခမဲ့ ဆေးဝါးကုသမှုရရှိရေးအတွက် ဆောင်ရွက်သွားမည်။ လူတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီရဲ့ မူဝါဒ သဘောထားနှင့်လုပ်ငန်းစဉ်များကို စည်းရုံးဟောပြော တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၂၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့သစ်ကြီးကွက်သစ်လမ်းမကြီးပေါ်တွင် ကွန်ကရစ်တံတားဆောက်လုပ်ထားမှုကို စက်တင်ဘာ ၁၆ ရက်က အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဇော်ထွေးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၉-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -ကမ္ဘာမှာ စက်ခြည်လင်းစေဖို့
၇:၁၀ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၄။ **ကာတွန်းအစီအစဉ် -အမြွှာစုံထောက် (အပိုင်း-၄၂)**
၁၁:၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှဝေခံစားချစ်ခြင်းများ**
၁၂:၃၀ ၆။ ကျန်းမာသုတ
၂:၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၇၃)**
၈။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် -မပြောပေမယ့်ကြားနေရတယ်**
၂:၅၅ ၉။ အပိတ်နှုတ်ဆက်စကား
၂:၅၀ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ -ချွေးမနှစ်ယောက် (အောင်ခိုင်၊ ဝါဝါအောင်၊ ဝါဝါလွင်၊ မိုးထက်ပိုင်၊ရန်နိုင်၊ မေဟသ်ာ၊အေးချမ်းမိုး) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆:၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၀)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၀)**
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၉)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးယန်ကျင်ကန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

လူ့သမိုင်းသည် အခြေအနေနှင့် အချိန်အခါ အရပ်ရပ်ပေါ် တည်မှီ၍ ဖြစ်ပျက်ပြောင်းလဲတတ်သည့် သဘောအရ မြန်မာ့သမိုင်းဖြစ်စဉ်သည်လည်း ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးရန် လမ်းဖွင့်ပေးခဲ့သည်။

ထို့ကြောင့် ကိုးကန့်တိုင်းရင်းသားအများစု၏ ဆန္ဒသဘောထားဖြင့် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ဖွဲ့စည်းပြီး ပါတီစုံအထွေထွေရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားပြီး တရားဝင်ပါတီအဖြစ် ရပ်တည်ခဲ့သည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလိုအပ်ချက်အရ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်ပြီး အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရန် တရားဝင် ရပ်တည်ခွင့်ရှိသည့်ပါတီများနှင့် အလွှာစုံမှ ကိုယ်စားလှယ်များအား အမျိုးသား ညီလာခံကြီးသို့ ဖိတ်ကြားတက်ရောက်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းရေးတွင်လည်း ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီမှ တက်ကြွစွာပါဝင်ခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးကို ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အမျိုးသားနိုင်ငံရေး ရည်မှန်းချက် အဖြစ် ထားရှိခဲ့ပါသည်။

ပါတီ၏ရည်မှန်းချက်များမှာ -

(၁) ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး

(၂) ပြည်ထောင်စုကြီးမပြိုကွဲရေး

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး

(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး ဥမကွဲ၊ သိုက်မပျက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်အခြေခံဥပဒေပြဋ္ဌာန်းချက်ပါ ရသင့်ရထိုက်သည့် အခွင့်အရေးများ တန်းတူရည်တူရရှိရေး

(၅) မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် ဈေးကွက်စီးပွားရေး စနစ်ကို တည်ဆောက်ရေးတို့ပင်ဖြစ်သည်။

ကိုးကန့်တိုင်းရင်းသားများသည် နိုင်ငံတော်၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု မျက်မှောက်ခေတ်သမိုင်းတွင်လည်း နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို တတ်စွမ်းသရွေ့ ပါဝင်ခဲ့သည့်နည်းတူ **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ**သည်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး ကိုးကန့်တိုင်းရင်းသားများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်သွားမည်ဖြစ်သည်။

ပါတီ၏ လုပ်ငန်းစဉ်များမှာ -

(၁) နိုင်ငံတော်ကြီး သာယာဝပြော၍ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး၊

(၂) ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု ရရှိစေပြီး တိုင်းရင်းသားပြည်သူများ ဥပဒေဘောင်အတွင်း၌ အေးချမ်းပျော်ရွှင်သောဘဝ တည်ဆောက်နိုင်ရေး၊

(၃) စိုက်ပျိုးရေးကိုအခြေခံ၍ ကုန်ထုတ်စက်မှုလက်မှုလုပ်ငန်းများ ခေတ်မီ တိုးတက်လာအောင် ဆောင်ရွက်ရေး၊

(၄) နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိမည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရေး၊

(၅) ပြည်သူတစ်ရပ်လုံး အခြေခံပညာသင်ကြားခွင့် ရရှိရေးနှင့် ဆေးကုသခွင့် ရရှိစေရေးအတွက် ဆောင်ရွက်ရေး၊

(၆) တိုင်းရင်းသား ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်စေရေးတို့ကို ဆောင်ရွက်ရေးတို့ပင် ဖြစ်သည်။

ကျစ်လျစ်ခိုင်မာပြီး စည်းကမ်းရှိသော ပါတီတစ်ရပ်ဖြစ်ရေးအတွက် အောက်ပါစည်းကမ်းချက်များကို ချမှတ်ထားရှိသည်-

(၁) ပါတီ၏ ဦးဆောင်မှုကိုခံယူ၍ ဆုံးဖြတ်ချက်ကို လိုက်နာရမည်။ ပါတီမှ ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်။

(၂) ပါတီဝင်များသည် နိုင်ငံတော်၏ တည်ဆဲဥပဒေကို လေးစား လိုက်နာရမည်။

(၃) ပါတီဝင်များသည် တစ်ကိုယ်ကောင်း မဆန်ရ၊ စုပေါင်းကြံစည်ခြင်း၊ စုပေါင်းလုပ်ဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်သော စိတ်ဓာတ်ရှိရမည်။



(၄) ပါတီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြုအမူ အပြောအဆိုမျိုး မရှိစေရ။

(၅) ပါတီ၏အမည်ကို အသုံးချ၍ မဟုတ်မမှန်သတင်းဖြန့်ခြင်း၊ လိမ်လည်ခြင်း၊ ပြည်သူလူထုတို့အား ဖိနှိပ်အနိုင်ကျင့်ခြင်းမျိုး မပြုလုပ်ရ။

(၆) ပါတီအမည်ကို အသုံးချ၍ မိမိကိုယ်ကျိုးစီးပွားရှာခြင်း မပြုရ။

(၇) ပါတီဝင်တိုင်း ပါတီကြေးပေးဆောင်ရမည်။

(၈) ပါတီစည်းကမ်း ချိုးဖောက်သူသည် ပါတီမှ ထုတ်ပယ်ခြင်းခံရမည်။ (သို့မဟုတ်) အပြစ်ပေးခြင်းခံရမည်။

(၉) နိုင်ငံတော် တည်ဆဲဥပဒေအား ကျူးလွန်သူများသည် နိုင်ငံတော် ဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် ပါတီစည်းကမ်းအရလည်း အရေးယူခြင်းခံရမည်။

(၁၀) ပါတီဝင်တစ်ဦးသည် ပါတီမှ နုတ်ထွက်လိုလျှင် တရားဝင် လျှောက်ထားနိုင်သည်။ ပါတီမှ နုတ်ထွက်ခွင့်ပြုလျှင် နုတ်ထွက်နိုင်သည်။ သို့သော် နုတ်ထွက်ရခြင်းအကြောင်းရင်းကို လေ့လာပြီး မနုတ်ထွက်ရန် တတ်အားသမျှ စည်းရုံးရမည်။

(၁၁) ပါတီ၏စည်းမျဉ်းစည်းကမ်းသည် ပါတီကိုယ်စားလှယ်ညီလာခံမှ အတည်ပြု၍ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ စိစစ်မှု ပြုလုပ်ပြီးမှ အတည်ပြုရန်ဖြစ်သည်။

အထက်ဖော်ပြချက်များသည် **ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီ**၏ ဝါဒသဘောထားနှင့် ပါတီ၏လုပ်ငန်းစဉ်ဖြစ်ကြောင်း မြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူတစ်ရပ်လုံးအား တင်ပြရင်း ပြည်သူ တစ်ရပ်လုံးမှ မျှော်လင့်တောင့်တသည့် အေးချမ်းသာယာပြီး ပြည်သူ တစ်ရပ်လုံး၏ လူမှုဘဝ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အတွက် ဘက်စုံမှ ရေရှည်အကျိုးပြုနိုင်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တစ်ရပ် ပေါ်ထွန်းပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၅)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၉)**
- ၈:၄၀ ဒါနရှင်များပေါင်းစုသော "အလိုတော်ပြည့်" ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းအလှူတော်
- ၉:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဂွတ်ရှယ်သမက်"
- ၉:၃၀ Activities In The City (မြင်သာမြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်ပရဟိတ ဂေဟာနှစ်ပတ်လည်နှင့် ပညာ ရည်ချွန်ဆုပေးပွဲ)
- ၉:၄၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊မျိုးမြတ်သူ]
- ၁၀:၁၀ my Night, my Dream AND Tri-C
- ၁၀:၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
- ၁၀:၄၅ ဗီဒီယိုပြခန်း
- ၁၁:၀၀ ဈေးဝယ်လမ်းညွှန် (Emerald Fash)
- ၁၁:၂၅ မွှေးရနံ့တို့ဖြင့် ထုံမွှမ်းအပ်သော
- ၁၁:၄၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၂:၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (မျိုးထက်)
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် (NELC ကျောင်းဆင်းပွဲ)
- ၁:၀၀ "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (ဦးနှောက်နဲ့ဆုံးဖြတ်တာ ကောင်းတယ်၊ နှလုံးသားနဲ့ဆုံးဖြတ်တာ ကောင်းတယ်)
- ၃:၃၀ Fashion Euphoria ရဲ့ 2010-2011 ဒီဇိုင်းသစ်များ မိတ်ဆက်ခြင်း
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၉)**
- ၄:၄၅ ဒါနရှင်များပေါင်းစုသော "အလိုတော်ပြည့်"ဝါဆိုသင်္ကန်း နှင့် ဆွမ်းဆန်စိမ်းအလှူတော်
- ၅:၀၅ FMF Selection
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၆)**
- ၇:၂၀ သွားမယ်စားမယ် (GOLDEN SEA FOOD)
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (NELC ကျောင်းဆင်းပွဲ)
- ၈:၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈:၃၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်းသိကောင်း စရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
- ၉:၃၀ Barclays Premier League (Newcastle Vs Stoke City)
- ၁၁:၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၂၀)**
- ၁၂:၀၅ my Night, my Dream AND Tri-C
- ၁၂:၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဂွတ်ရှယ်သမက်"
- ၁၂:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
- ၁:၀၅ ပန်းချီပြခန်း (Three Artists Show)
- ၁:၁၅ Talent Show (စန္ဒရားခွန်ဇာနည်တင်ကြွယ်)
- ၁:၃၅ ကမ္ဘာ့နှလုံးများနေ့ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာတင်လတ်)
- ၂:၀၀ ဘဝများ (ရန်ရန်ချန်း)
- ၂:၃၀ ပန်းမြို့တော်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၂:၅၀ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
- ၃:၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၃:၂၀ Shooting Location (ဇီဇဝါခြံ)
- ၃:၄၀ ဇီဝိတဒါနသွေးလှူဖို့ သွေးအား ပြည့်အောင်နေကြစို့ (ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၃:၅၀ Korea ရိုးရာ (Cultures)
- ၄:၁၀ မြန်မာရဲ့အလှအမှတ်တရ (ဇမ္ဗူရစ်အမှတ်တရပစ္စည်းဆိုင်)
- ၄:၃၅ မွှေးရနံ့တို့ဖြင့်ထုံမွှမ်းအပ်သော
- ၄:၄၅ Activities In The City (မြင်သာမြို့ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့်ပရဟိတ ဂေဟာနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲ)
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၂၅	Bolton - Man U	ESPN (Live)
၇:၃၀	Wolverhampton - Aston Villa	ESPN (Live)
၉:၃၀	Newcastle - Stoke City	ESPN (Live)

ပုသိမ် ဒေသကောလိပ် အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဒေသကောလိပ်တွင် ၁၉၇၇-၇၈ စာသင်နှစ် ပထမနှစ်နှင့်ဒုတိယနှစ် (လုပ်ငန်းအတတ်ပညာများ) သင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲ အကြိုညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး Dolphin စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးမြင့်နိုင် ဖုန်း-၀၉၅၁၂၃၄၁၁၊ ဦးစိန်ကျော် ဖုန်း-၀၉၅၁၉၅၅၉၀၊ Dr. စိုးနိုင် ဖုန်း-၀၄၂-၂၄၆၆၄၊ ဦးအောင်မြင့် ဖုန်း-၀၉၅ ၂၀၁၅၆၃၊ ဦးတင့်နိုင် ဖုန်း-၀၉၅၅ ၀၅၇၂၃၊ ဦးမောင်မောင် ဖုန်း-၀၉၈၅ ၈၀၁၁၄၊ ဦးကျော်ဇေယျ ဖုန်း-၀၉၅၀ ၇၅၈၇၄၊ ဦးမောင်မောင် ဖုန်း-၀၉၅၁ ၄၃၂၆၈၊ ဦးမြင့်ဦး ဖုန်း-၀၉၅၃၁၁၂၆၇၊ ဦးဘိုဖြူ ဖုန်း-၀၉၈၅၇၆၃၁၉၊ Dr. အောင်နိုင် ဖုန်း-၀၉၅၀၄၃၃၇၀၊ ၀၄၂-၆၀၅၃၃နှင့် ဦးထွန်းဝေ ဖုန်း-၀၉၅၀ ၃၂၃၄၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူများစားဝတ်နေရေးအတွက် စိုက်ပျိုးရေးကဏ္ဍက ဖြည့်ဆည်းပေးနိုင်ပြီ

နိုင်ငံတော် ကြွယ်ဝချမ်းသာရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်

☆ ရွှေဖုံးမှ

အဆိုပါ ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ဆေးရုံသစ် မော်ကွန်းကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

နံ့သာပက်ဖျန်း

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆေးရုံသစ် မော်ကွန်းကြေးပြား ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆေးရုံသစ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆေးရုံသစ်လွှဲပြောင်းပေးအပ်ပွဲကို ဆေးရုံသစ်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ထံ ဆေးရုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် နောင်တုံကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးစိုင်းတစ်အောင်က ဆေးရုံအတွက် ရုပ်မြင်သံကြားစက် လေးလုံးနှင့် ရေအေးစက်လေးလုံးတို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေက လက်ခံသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအချိန်တွင် ပြည်သူများ၏ စားဝတ်နေရေးအတွက် မပူပင်မကြောင့်ကြရအောင် စိုက်ပျိုးရေးကဏ္ဍက ဖြည့်ဆည်းပေးနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံတော်ကြွယ်ဝချမ်းသာလာရေး၊ သဘာဝအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ထူထောင်တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ဤသို့ စက်မှုကဏ္ဍအပါအဝင် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ပေါ်လာစေရန် ကျန်းမာရေးအသိပညာဗဟုသုတပြည့်စုံရန် လိုအပ်ကြောင်း။

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် သင့်လျော်သည့်ဒေသများ၌ ဆေးရုံဆေးခန်းများ တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများကလည်း ကုသရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့

စာမျက်နှာ ၇ ကော်လံ ၁ သို့

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ ဇမ္ဗူသီရိမြို့နယ်ရှိ မြို့နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိ မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ်ရှိ သွားဘက်ဆိုင်ရာ ကုသမှုဌာနကို တွေ့ရစဉ်။

(သတင်းစဉ်)

★ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် သင့်လျော်သည့် ဒေသများ၌ ဆေးရုံဆေးခန်းများ တည်ဆောက် ဖွင့်လှစ်ပေးလျက်ရှိ။

❒ စာမျက်နှာ ၆ မှ

ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူများအတွင်း ထိရောက်ပျံ့နှံ့စွာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ရပ်ကွက်သူရပ်ကွက်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ခုတင် (၅၀)ဆံ့ ဆေးရုံကို မြေဧက ၅၂ ဒသမ ၉၁၅ ဧကပေါ်၌ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး R.C.C အမျိုးအစား တစ်ထပ်အဆောက်အအုံဖြစ်သည်။

ဆေးရုံ၌ ပြင်ပလူနာဌာန၊ အရေးပေါ်ဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ သွားဘက်ဆိုင်ရာကုသမှုဌာန၊ ခွဲစိတ်ကုသဆောင်၊ အတွင်းလူနာကုသရေးဌာနနှင့် ပြည်သူ့ကျန်းမာရေးဌာန စသည်တို့ ပါရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ် ပြည်သူ့ဆေးရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် ဇနီးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ခန်းမအတွင်း ခင်းကျင်းပြသထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် ဧည့်ခံပွဲကို ကျင်းပရာ ရှေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် ဇနီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ မဲရုံသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်၌ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား မဲရုံသရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ရပ်ကွက်(၈) ရုံးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သရုပ်ပြလေ့ကျင့်

ရှေးဦးစွာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ရွှေနှင့် တာဝန်ရှိသူများက မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မဲပေးပုံအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးကြပြီး မဲရုံတည်ဆောက်ပုံနှင့် မဲပေးပုံနည်းစနစ်များကို လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ကြသည်။ ထို့နောက် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များသည် လားရှိုးမြို့ပေါ် ရပ်ကွက်များရှိ မဲရုံတည်ဆောက်ပုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

GALLANT Training Centre မှ အင်ဂျင်နီယာဒီပလိုမာ ဘာသာရပ်များ သင်ကြားပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

GALLANT Training Centre က အင်ဂျင်နီယာဒီပလိုမာ ဘာသာရပ် ၁၅ မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

City & Guilds အင်ဂျင်နီယာ ဘာသာရပ်များကို အင်ဂျင်နီယာအခြေခံမရှိသူများ အပါအဝင် တက်ရောက်နိုင်ရန် Foundation Programm ၌ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ (Maths, English, Science, Hand Drawing) ဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးပြီး အင်္ဂလန်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းများအတိုင်း Mechanical & Electrical, Mechanical Power, Electrical Power, Electronic နှင့် Civil (Construction) တို့ကို မိမိဝါသနာပါရာ ရွေးချယ်တက်ရောက်နိုင်သည်။

နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလများတွင် အရည်အချင်းစစ်စာမေးပွဲများကို ကျင်းပပေးပြီး မိမိဖြေဆိုနိုင်သည့် ဘာသာရပ်များကိုခွဲ၍ ဖြေဆိုနိုင်သည်။

စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူတိုင်းကို City & Guilds အင်ဂျင်နီယာဒီပလိုမာလက်မှတ်အပြင် GALLANT သင်တန်းကျောင်း၏ လက်တွေ့လုပ်ငန်းခွင် အသုံးချကျွမ်းကျင်လက်မှတ်နှစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးသည်။

ဆယ်တန်းအောင်မြင်ပြီးသူများ အင်ဂျင်နီယာဒီပလိုမာလက်မှတ်ဖြင့် ပြည်တွင်းပြည်ပအင်ဂျင်နီယာ အလုပ်လျှောက်ထားလိုသူများနှင့် ပြည်ပတွင် အင်ဂျင်နီယာ ဘာသာရပ်ကို ဘွဲ့ရသည်အထိ ကျောင်းတက်ရောက်မည့်သူများ တက်ရောက်ထားသင့်သည့် ဘာသာရပ်များဖြစ်သည်။

ပြည်တွင်းစက်ရုံ ဆောက်လုပ်ရေး၊ ကားထုတ်လုပ်ရေး၊ ဟိုတယ်များ၊ ရေနံတူးဖော်ရေးနှင့် သင်္ဘောလိုင်းများတွင် အလုပ်ဝင်ရောက်လိုသူများ တက်ရောက်ထားသင့်သည့် သင်တန်းဖြစ်သည်။

GALLANT သင်တန်းကျောင်းမှ အင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးခြင်းအပြင် ပြည်ပတွင် အလုပ်လျှောက်ထားမည့်သူများအတွက် အလုပ်အကိုင်ရရှိရန် ဘာသာရပ်ရွေးချယ်မှု၊ ခေါ်ယူသော ရာထူး၊ ရရှိနိုင်သည့် လစာများနှင့် ပြင်ဆင်ထားရမည့်လုပ်ငန်းအတွေ့အကြုံတို့ကို တိုင်ပင်ဆွေးနွေးဆောင်ရွက်ပေးသည်။

GALLANT သင်တန်းကျောင်းမှ တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ယခုဖွင့်လှစ်မည့် စက်တင်ဘာလတန်းခွဲကို စက်တင်ဘာလကုန်အထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။ အလုပ်တစ်ဖက် တက်ရောက်လိုသူများအတွက် ညနေပိုင်းတန်းခွဲများကိုလည်း ဖွင့်လှစ်ထားသည်။ စိတ်ပါဝင်စားပါက အမှတ်(၅) ဘီ(၅) (၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်းကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၉၄၀၃၊ ၅၁၃၈၀၄ နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် မင်းလမ်းနေ ဦးခင်မောင်ဝင်း-ဒေါ်အေးအေးစိန် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

သမိုင်းအလှည့်အပြောင်းကာလ၌ အတိတ်ကောင်းနိမိတ်ကောင်းတို့ကို ဆောင်ကြဉ်းလာသည့် ပဥ္စမမြောက် ဆင်ဖြူတော်ရတနာ

မြတ်ဘုန်းလူ

ကျွန်တော်တို့နိုင်ငံအတွက် နှစ်ထောင်းအားရ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ပဥ္စမမြောက်ဆင်ဖြူတော်ရတနာတစ်စီး ထပ်မံပေါ်ပေါက်လာခဲ့ပြန်ပါပြီ။ တည်ဆဲအစိုးရလက်ထက်မှာ အခုလို ဆင်ဖြူတော်ရတနာတွေ ထူးထူးခြားခြား ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့တာဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအတွက် တကယ့်ကို အတိတ်ကောင်း နိမိတ်ကောင်းတွေ ပေါ်ထွန်းလာတာပါပဲ။

ရှေးဟောင်း ကျမ်းဂန်ပေစာများအရ ဆင်ဖြူတော်ဆိုတာ ဆင် ၁၀၀၀ မှာ တစ်ကောင်တွေ့ရဖို့ မလွယ်ကူပါဘူး။ ဒါပေမယ့် ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ၂၀၀၁ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်စုကာလအတွင်း ဆင်ဖြူတော်ရတနာ ငါးစီးအထိ တိုးတက်ပိုင်ဆိုင်နိုင်ခဲ့တာဟာ အင်မတန်ထူးခြားအံ့သြဖို့ ကောင်းလှပါတယ်။ ယခင်က ဆင်ဖြူတော်ရတနာ လေးစီးပေါ်ထွန်းခဲ့ပြီး ယခုနောက်ထပ် ပဥ္စမမြောက်ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်ထဲက ထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆင်ဖြူတော်ဟာ အသက် (၁၈)နှစ်ခန့်ရှိပြီး အရပ်အမြင့် ခုနစ်ပေ၊ တစ်လက်မ၊ လုံးပတ် ၁၀ ပေ၊ သုံးလက်မရှိကြောင်း သိရပါတယ်။ ဒါ့အပြင် ယခု ဆင်ဖြူတော်ဟာ ဆင်ဖြူတော်ရတနာရဲ့ ကြန်အင်လက္ခဏာများနဲ့ အထူးပြည့်စုံကြောင်း ကြားသိရတဲ့အတွက် တစ်နိုင်ငံလုံး ရွှင်လန်းအားရ ဂုဏ်ယူဝမ်းမြောက်နေကြတာအမှန်ပါပဲ။

တကယ်တော့ ဆင်ဖြူတော်ကို အရေးတယူ အလေးမူမြတ်နိုးတန်ဖိုးထားခဲ့တာဟာ အခုမှမဟုတ်ပါဘူး။ ရှေးဟောင်းသာသနာဝင်ကျမ်းများမှာကိုပဲ ဆင်ဖြူတော်ကို ရတနာအဖြစ် တန်ဖိုးထားသတ်မှတ်ခဲ့တာ တွေ့နိုင်ပါတယ်။ ဒီဃနိကာယမဟာဝဂ္ဂပါဠိတော် မဟာသုဒဿနသုတ်တော်မှာ မဟာသုဒဿနစကြာမင်းပိုင်ဆိုင်ခဲ့တဲ့ ရတနာ (၇)ပါးမှာ ဆင်ရတနာဟာလည်း တစ်ပါးအပါအဝင် ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များမှာလည်း ဆင်ဖြူတော်ကို တန်ဖိုးထားမှတ်တမ်းတင်ခဲ့တာ တွေ့နိုင်ပါတယ်။ အထူးထင်ရှားတဲ့ သာဓကကတော့ ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဆဒ္ဒန်ဆင်မင်းဇာတ်ပဲဖြစ်ပါတယ်။ အဲဒီဇာတ်မှာ ဆဒ္ဒန်ဆင်မင်းကို ဆင်ဖြူတော်အသွင်နဲ့ မြတ်နိုးလေးစားတန်ဖိုးထားဖွယ် သရုပ်ဖော်ခဲ့တာကို တွေ့နိုင်ပါတယ်။

အလားတူ ဇာတ်ကြီးဆယ်ဘွဲ့ပါ ဝေဿန္တရာဇာတ်မှာလည်း အလှူအတန်း အပေးအကမ်းရက်ရောတဲ့ ဝေဿန္တရာမင်းကြီးဟာ ဒါနပါရမီရင့်သန်လွန်းတဲ့အတွက် နိုင်ငံနဲ့ပြည်သူရဲ့ အမွန်အမြတ်ရတနာတစ်ပါးဖြစ်တဲ့ ဆင်ဖြူတော်ကို ကလိင်္ဂရာဇ်တိုင်းကို လှူဒါန်းလိုက်ပါတယ်။ အဲဒီလို လှူဒါန်းလိုက်တဲ့ဆင်ဖြူတော်ရတနာ ကလိင်္ဂရာဇ်တိုင်းကို ရောက်လျှင်ရောက်ချင်း ဆင်ဖြူတော်ရဲ့ တန်ခိုးအာနုဘော်ကြောင့် နှစ်ပေါင်းများစွာ မိုးခေါင်နေရာကနေ မိုးများကောင်းစွာရွာသွန်းခြင်း၊ စိုက်ရေးပျိုးတာအောင်မြင်ပြီး တိုင်းပြည်စည်ပင်သာယာဝပြောလာခြင်း၊ တိုင်းသူပြည်သားတို့ အေးချမ်းပျော်ရွှင်ပြီး အကျင့်သီလနဲ့ ပြည့်စုံခြင်းစတဲ့ အကျိုးကျေးဇူးတွေ လက်ငင်းခံစားလာရကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

နောက်တစ်ခါ ဗုဒ္ဓလောင်းလျာဟာ သုံးလူ့ထွတ်ထားမြတ်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူတော့မယ့် နောက်ဆုံးဘဝကို မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေတော်မူပါတယ်။ အဲဒီလို ဗုဒ္ဓလောင်းလျာ ပဋိသန္ဓေနေတော်မူတဲ့အတွက် မယ်တော်မာယာဟာ ထူးခြားတဲ့အိပ်မက်ကောင်းကို မြင်မက်တော်မူခဲ့ပါတယ်။ အဲဒီအိပ်မက်ကတော့ ကောင်းကင်ယံကနေ ဆင်ဖြူတော်ဟာ သပြေခက်ကို နှာမောင်းနဲ့ချီပြီး မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်အတွင်းသို့ လက်ယာဘက်ကနေ ဝင်ရောက်ကိန်းအောင်းတယ်ဆိုတဲ့ အိပ်မက်ပါပဲ။ ဒါကို သမားဟူးရား ပုရောဟိတ်ဆရာတို့က ထူးမြတ်တဲ့ သားရတနာ သန္ဓေတည်ပြီလို့ နိမိတ်ဖတ်ခဲ့ကြပါတယ်။ ဒါကိုကြည့်ရင် ဆင်ဖြူတော်ဟာ ကောင်းမြတ်တဲ့ အတိတ်နိမိတ်၊ ထူးခြားအောင်မြင်မယ့် အတိတ်နိမိတ်အဖြစ် ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကတည်းက အလေးအမြတ် သတ်မှတ်ခဲ့ကြကြောင်း လေ့လာသိရှိနိုင်ပါတယ်။ ဒါကြောင့် အိပ်မက်ကျမ်းတစ်ခုမှာ ဆင်ဖြူတော်ကို မြင်မက်လျှင် ပူဇော်မှုကို ခံရလတ္တံ့၊ ကျော်စောအံ့၊ စားကောင်းသောက်ဖွယ်တို့ဖြင့် ခမ်းနားကြီးကျယ်လတ္တံ့ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

မြန်မာ့ယဉ်ကျေးမှုသမိုင်းထဲမှာ ကျိုးဖြူ ဥဒေါင်းဖြူ ဆိတ်ဖြူ နွားဖြူ မြင်းဖြူ ဆင်ဖြူတို့ကို သူတော်စာရင်းဝင်များအဖြစ် သတ်မှတ်ထားတာ တွေ့နိုင်ပါတယ်။ အဖြူရောင်ဟာ တောက်ပသစ်လွင်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်း၊ မွန်မြတ်ခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ နှစ်သက်မြတ်နိုးဖွယ်ကောင်းခြင်း စတဲ့ သဘောအနက်တွေ ဆောင်ပါတယ်။ ဒါကြောင့်လည်း ဆင်ဖြူတော်ကို အစဉ်အဆက် တန်ဖိုးထားဂုဏ်ယူမြတ်နိုးကြခြင်း ဖြစ်ပါတယ်။

မြန်မာ့သမိုင်းအဆက်ဆက်မှာ ဆင်ဖြူတော်ရဲ့အခန်းကဏ္ဍဟာ အလွန်ပဲ အရေးပါခဲ့ပါတယ်။ ဆင်ဖြူရရှိတဲ့၊ ဆင်ဖြူဆက်သခံရတဲ့ ဘုရင်မင်းမြတ်တို့ဟာ ဆင်ဖြူတော်ပိုင်ဆိုင်မှုနဲ့အတူ ဘုန်းတန်ခိုးဩဇာကြီးမားခြင်း၊ ကျော်စောထင်ရှားခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း၊ တိုင်းသူပြည်သားတို့ ဝပြောစည်ပင်ခြင်း စတဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတင့်တယ်ခဲ့ကြောင်း သမိုင်းမှာ အထင်အရှားတွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် ဆင်ဖြူရှင်ဘွဲ့ခံယူနိုင်ဖို့ ဆင်ဖြူတော်ကို ပိုင်ဆိုင်နိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးသုံးပြီး ဆောင်ရွက်ခဲ့ပုံတွေ၊ ဆင်ဖြူကြောင့် မဟာမိတ်ဖြစ်ကြသလို ဆင်ဖြူကြောင့်ပဲ ရန်စစ်ခင်းခဲ့ကြရပုံတွေကိုလည်း မြန်မာ၊ မွန်၊ သီဟိုဠ်၊ ယိုးဒယား ရာဇဝင်တစ်လျှောက်မှာ သမိုင်းမှတ်တမ်း အမြောက်အမြား တွေ့ရှိနိုင်ပါတယ်။

ဒါကြောင့် သမိုင်းမှတ်တမ်းများကို ခြုံပြီးသုံးသပ်ကြည့်မယ်ဆိုရင် ဆင်ဖြူတော်ဆိုတာ နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့မှာ ဖြစ်ထွန်းပေါ်ပေါက်ဖို့ အလွန်ခဲယဉ်းလှတဲ့ ရတနာတစ်ပါးပဲ ဖြစ်ပါတယ်။ ဆင်ကောင်ရေ ၁၀၀၀ မှာ ဆင်ဖြူတစ်ကောင် တွေ့နိုင်ခဲတဲ့အပြင် ဖြူပင်ဖြူသည့်တိုင် ဆင်ဖြူတော်တို့ရဲ့ ကြန်အင်လက္ခဏာဂုဏ်အင်္ဂါများနဲ့ ပြည့်စုံမှသာ ဆင်ဖြူတော်အဖြစ် ရတနာတန်းဝင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဆင်ဖြူတော်ရတနာပေါ်ပေါက်တာဟာ တော်ရုံဘုန်းကံ၊ တော်ရုံထူးခြားတိုက်ဆိုင်မှုမျိုး မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။

ပဥ္စမမြောက် ဆင်ဖြူတော်ရတနာ။

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့တဲ့ အနော်ရထာမင်း၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့တဲ့ ဘုရင့်နောင်၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့တဲ့ အလောင်းမင်းတရားတို့ဟာ ဆင်ဖြူများရှင်မင်းတရားကြီးများဖြစ်ခဲ့တာကို ထူးထူးခြားခြား တွေ့နိုင်ပါတယ်။ အဲဒီ ဆင်ဖြူများရှင်မင်းတရားကြီးများလက်ထက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကြီးဟာ တစုတစည်းတည်းစုစည်းခိုင်မာအားကောင်းခဲ့တာ၊ တိုင်းသူပြည်သား တိုင်းရင်းသားအပေါင်း ဥမကွဲသိုက်မပျက် ချစ်ခင်သင့်မြတ်စွာနဲ့ အေးချမ်းစည်ပင်ဖွံ့ဖြိုးသာယာတဲ့ဘဝကိုပိုင်ဆိုင်ပြီး မတောင့်မတ မကြောင့်မကြ အလှူရေစက်လက်နဲ့မကွာနေနိုင်ခဲ့တာ၊ ဒါ့အပြင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းအပေါင်းက ခညောင်းဝပ်တွားခစားရတဲ့ အင်ပါယာနိုင်ငံအဖြစ် ဂုဏ်ဒြပ်မြင့်မား ထည်ဝါခဲ့ညားခဲ့တာ အားလုံးသိပြီးဖြစ်ပါတယ်။

အလားတူ ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာလည်း ထူးထူးခြားခြား ဆင်ဖြူတော်တွေ ဆက်တိုက်ဆိုသလို ပေါ်ထွန်းလာခဲ့တာ ယခင် ရာဇဂဟသီရိပစ္စယဂဇရာဇာ ဆင်ဖြူတော်၊ သိင်္ဂီမာလာဆင်ဖြူတော်၊ ရတီမာလာဆင်ဖြူတော်၊ ဘဒ္ဒဝတီဆင်ဖြူတော်တို့အပြင် ယခုဆင်ဖြူတော်အပါအဝင် ဆင်ဖြူတော်ရတနာ ငါးစီးအထိ ရှိလာခဲ့ပါပြီ။ ဒီလို ဆင်ဖြူတော် ငါးစီးပေါ်ထွန်းပိုင်ဆိုင်လာခဲ့ခြင်းဟာ တကယ့်ကို ထူးခြားအံ့သြဖွယ်၊ ရွှင်လန်းဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ်အတိ ပြည့်လျှမ်းနေမယ်ဆိုတာ အထူးပြောဖို့မလိုတော့ပါဘူး။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ခံ့ညားခြင်း၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စတဲ့ ကပ်ကြီးသုံးပါးမှ ကင်းလွတ်နိုင်ခြင်း စတဲ့ အတိတ်နိမိတ်ကောင်းတွေ ဆောင်ပါတယ်။ ဆင်ဖြူတော်ပိုင်ဆိုင်တဲ့မင်းများဟာ အခြားမင်းတွေထက် ဘုန်းကံကြီးမားပြီး စိုးစံတဲ့ကာလတစ်လျှောက်လုံး တိုင်းပြည်မှာ ခိုးသားရန်သူဘေးတို့မှ ကင်းဝေးခြင်း၊ စစ်မက်ကင်းဝေးခြင်း၊ မိုးလေဝသမှန်ကန်ကောင်းမွန်ခြင်း၊ ဆန်ရေစပါးပေါများကြွယ်ဝခြင်း၊ စီးပွားရေးကောင်းမွန်ပြီး အလှူအတန်းပွဲလမ်းသဘင်များနဲ့ အလွန်စည်ပင်အေးချမ်းခြင်း စတဲ့ ကောင်းကျိုးသုခချမ်းသာတွေကို ခံစားစံစားရတယ်လို့ ဆိုပါတယ်။ ခြုံပြီးပြောရရင် ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ ကောင်းခြင်းမင်္ဂလာအားလုံး ခညောင်းပေါင်းဆုံပြည့်စုံအောင်မြင်စေမယ့် အတိတ်နိမိတ်ကောင်းပါပဲ။

ဆင်ဖြူတော်ရဲ့ ကြန်အင်လက္ခဏာနဲ့ ပတ်သက်ပြီး ပိဋကတ်ကျမ်းများမှာ အထင်အရှားပြဆိုထားပါတယ်။ နန်းမှုနန်းရာ အဆင်တန်ဆာနှင့် သိမှတ်ဖွယ်ရာများကျမ်းမှာ ဆင်ဖြူတော်နဲ့ပတ်သက်ပြီး "အလုံးစုံဖြူသည်၊ အဆင်းလှသည်၊ ရှုဖွယ်ရှိသည်၊ ကြည်ညိုဖွယ်ရှိသည်၊ လက္ခဏာနှင့်ပြည့်စုံသည်ဖြစ်၏။ ဤသို့ ဘုရားလောင်းဆင်ဖြူ တို့ကို ဆိုသောကြောင့် အလုံးစုံဖြူစင်၍ အဆင်းအရည်ရှုဖွယ်၊ ကြည်ညိုဖွယ်ရှိလျှင် ကောင်းမြတ်သော ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်သည်။ ဖြူစင်သော ကြန်အင်္ဂါလက္ခဏာရှိမှု ကြွင်းသောကြန်အင်္ဂါလက္ခဏာမှာ ဆိုဖွယ်မရှိပြီဟုဆိုသည်" ဆိုပြီး ပါရှိပါတယ်။ ဆိုလိုတာကတော့ အလုံးစုံဖြူနေပါက ဆင်ဖြ…
လက္ခဏာတို့ဟာ အလိုအလျောက်ပြ…
နိုင်ပါတယ်။

ယခု ထပ်မံပေါ်ပေါက်လာတဲ့ …
ဆင်ဖြူတော်ရတနာရဲ့ ကြန်အင်လက္ခ…
အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(က)	အရပ်အမြင့်	-
(ခ)	ကိုယ်လုံးပတ်	-
(ဂ)	အသက်	-
(ဃ)	အစွယ်	-
(င)	ကျော	-
(စ)	အမွေးအမှင်	-
(ဆ)	အသားအရည်	-
(ဇ)	အရေပြား	-
(ဈ)	မျက်လုံး	-
(ည)	ရှေ့ခြေသည်း	-
(ဋ)	နောက်ခြေသည်း	-
(ဌ)	အမြီး	-
(ဍ)	နားရွက်	-
(ဎ)	နှာမောင်း	-
(ဏ)	ရရှိသည့်နေ့ရက်	-

ယခု ပဥ္စမမြောက်ဆင်ဖြူတော် …
ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေ…
ကျင်းပပြီး အနာဂတ်ဒီမိုကရေစီနိုင်င…
သမိုင်းအလှည့်အပြောင်းကာလနဲ့ ထူ…
တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြ…
အတွက်၊ ပြည်သူအားလုံးအတွက် …
များအဖြစ် အလွန်ကို အားရကျေနပ်…
ဆိုတာ ဗုဒ္ဓသာသနာထွန်းကားရာအ…
ကိုးကွယ်မြတ်နိုးဆည်းကပ်သူတို့ ရှိရ…
သူတို့တရားနဲ့အညီ အုပ်ချုပ်တဲ့အရပ်…
လို့ ဆိုပါတယ်။ ဒါကြောင့် ယခုလို ဆ…
ပေါ်ထွန်းလာခြင်းဟာ ကျွန်တော်…
သာယာပြီး ဘေးဥပဒ်အန္တရာယ် အသွ…
မယ့် အတိတ်ကောင်းဖြစ်သလို ဆန်…
ပတ္တမြား ပေါများကြွယ်ဝပြီး ဒီပြည်…
တိုင်းရင်းသားပြည်သူတစ်ရပ်လုံး …
ပိုမိုဖွံ့ဖြိုးတိုးတက်မယ်၊ အေးချမ်းစည်…
ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒါ့အပြင် ဆင်ဖြူရတနာဆိုတာ …
တိုင်းပြည်ရဲ့ဘုန်းကံ၊ ပြည်သူတွေ…
မှုတည်ပြီး မင်္ဂလာရှိတဲ့ အကြောင်းခြ…
ညီညွတ်မှသာ ပေါ်ပေါက်လေ့ရှိပါတယ်…
ပြည့်ဝတဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ …
အဖြစ် အသွင်ကူးပြောင်းမယ့် သမိုင်း…
ပဥ္စမမြောက်ဆင်ဖြူတော်ရတနာ ပေ…
ဖြစ်စဉ်မျိုးမဟုတ်ပါဘူး။ အလွန်ကို …
တိုက်တိုက်ဆိုင်ဆိုင် ဖြစ်စဉ်ဖြစ်ရပ်မျိုး…
လည်း မကြာမီကျင်းပတော့မယ့် …
အေးချမ်းအောင်မြင်စွာ ပြီးမြောက်…
သလို နောင်ပေါ်ပေါက်လာမယ့် အ…
လက်ရှိအစိုး ရလက်ထက်နည်းတူ…
တိုးတက်မှု၊ စည်ပင်ဝပြောမှုတို့ကို အ…
နိမိတ်ကောင်းဖြစ်တဲ့ ပဥ္စမမြော…
ကျွန်တော်တို့ပြည်သူအားလုံးက လို…
လျက် ရှိပါကြောင်း တင်ပြလိုက်ရပါ…

ဆင်ဖြူတော်ပေါ်ပေါက်…
ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိ…
လက်ရှိအခြေအနေထက် …
သတ္တန္တရကပ်၊ ရောဂန္တရက…
စတဲ့ ကပ်ကြီးသုံးပါးမှ ကင်…
အတိတ်နိမိတ်ကောင်းတွေ…

ကတော့ အလုံးစုံဖြူနေပါက ဆင်ဖြူတော်ရဲ့ ကျန်တဲ့ ကြန်အင်္ဂါလက္ခဏာတို့ဟာ အလိုအလျောက်ပြည့်စုံပြီးဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။

ယခု ထပ်မံပေါ်ပေါက်လာတဲ့ ပဉ္စမမြောက်ဆင်ဖြူတော်ဟာ ဆင်ဖြူတော်ရတနာရဲ့ ကြန်အင်လက္ခဏာများနဲ့ အထူးပြည့်စုံတာကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

(က)	အရပ်အမြင့်	-	၇ ပေ	၁ လက်မ
(ခ)	ကိုယ်လုံးပတ်	-	၁၀ ပေ	၃ လက်မ
(ဂ)	အသက်	-	၁၈ နှစ်ခန့်	
(ဃ)	အစွယ်	-	သစ်ခွံထိုး	
(င)	ကျော	-	ငှက်ပျောကိုင်း	
(စ)	အမွေးအမှင်	-	အဖြူရောင်	
(ဆ)	အသားအရည်	-	သြဇာခွံ(ပါး)	
(ဇ)	အရေပြား	-	ပန်းရောင်	
(ဈ)	မျက်လုံး	-	ပုလဲ	
(ည)	ရှေ့ခြေသည်း	-	ခြေသည်း(၅)ခုပါရှိပြီး အဖြူရောင်	
(ဋ)	နောက်ခြေသည်း	-	ခြေသည်း(၄)ခုပါရှိပြီး အဖြူရောင်	
(ဌ)	အမြီး	-	အလျား ၃ ပေ၊ ၇ လက်မ ရှိပြီး တံခါးဖွင့်အမျိုးအစား	
(ဍ)	နားရွက်	-	ကြေးစည်	
(ဎ)	နှာမောင်း	-	သာမန်	
(ဏ)	ရရှိသည့်နေ့ရက်	-	၂၃-၉-၂၀၁၀	

ယခု ပဉ္စမမြောက်ဆင်ဖြူတော် ပေါ်ပေါက်လာတဲ့အချိန်ဟာ ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ချီတက်မယ့် သမိုင်းအလှည့်အပြောင်းကာလနဲ့ ထူးထူးခြားခြား တိုက်ဆိုင်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူအားလုံးက နိုင်ငံတော်အတွက်၊ ပြည်သူအားလုံးအတွက် အတိတ်ကောင်းနိမိတ်ကောင်းများအဖြစ် အလွန်ကို အားရကျေနပ်နေကြပါတယ်။ ဆင်ဖြူတော်ဆိုတာ ဗုဒ္ဓသာသနာထွန်းကားရာအရပ်၊ ဘာသာ၊ သာသနာကို ကိုးကွယ်မြတ်နိုးဆည်းကပ်သူတို့ ရှိရာအရပ်၊ တိုင်းပြည် အုပ်ချုပ်သူတို့တရားနဲ့အညီ အုပ်ချုပ်တဲ့အရပ်တို့မှာသာ ပေါ်ထွန်းမြဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခုလို ဆင်ဖြူတော်ရတနာတွေ တိုးပွားပေါ်ထွန်းလာခြင်းဟာ ကျွန်တော်တို့နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်တို့ ကင်းစင်ပပျောက်မယ့် အတိတ်ကောင်းဖြစ်သလို ဆန်ရေစပါး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ပေါများကြွယ်ဝပြီး ဒီပြည်ထောင်စုကြီးထဲက ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အဘက်ဘက်ကနေ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်မယ့်၊ အေးချမ်းစည်ပင်မယ့် နိမိတ်ကောင်းလည်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒ့ါအပြင် ဆင်ဖြူရတနာဆိုတာ အုပ်ချုပ်သူမင်းတို့ရဲ့ ဘုန်းကံ၊ တိုင်းပြည်ရဲ့ဘုန်းကံ၊ ပြည်သူတွေရဲ့ကုသိုလ်ကံတို့ အပေါ်မှာ မူတည်ပြီး မင်္ဂလာရှိတဲ့ အကြောင်းခြင်းရာကိစ္စရပ်များနဲ့ တိုက်ဆိုင်ညီညွတ်မှသာ ပေါ်ပေါက်လေ့ရှိပါတယ်။ ယခုလို စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် အသွင်ကူးပြောင်းမယ့် သမိုင်း အလှည့်အပြောင်းကာလမှာ ပဉ္စမမြောက်ဆင်ဖြူတော်ရတနာ ပေါ်ထွန်းလာခြင်းဟာ သာမန်ဖြစ်စဉ်မျိုးမဟုတ်ပါဘူး။ အလွန်ကို ထူးခြားတဲ့၊ အရေးကြီးတဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်စဉ်ဖြစ်ရပ်မျိုးသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာ ပြီးမြောက်သွားမယ့်အတိတ်ကောင်းဖြစ်သလို နောင်ပေါ်ပေါက်လာမယ့် အစိုးရသစ်လက်ထက်မှာလည်း လက်ရှိအစိုး ရလက်ထက်နည်းတူ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်ဝပြောမှုတို့ကို အပြည့်အဝ ခံစားစံစားနိုင်မယ့် နိမိတ်ကောင်းဖြစ်တဲ့ ပဉ္စမမြောက် ဆင်ဖြူတော်ရတနာကို ကျွန်တော်တို့ပြည်သူအားလုံးက လှိုက်လှဲဝမ်းသာ ဂုဏ်ပြုကြိုဆိုလျက် ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ခံ့ညားခြင်း၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စတဲ့ ကပ်ကြီးသုံးပါးမှ ကင်းလွတ်နိုင်ခြင်း စတဲ့ အတိတ်နိမိတ်ကောင်းတွေဆောင်။

မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးနှင့်အတူ စက်တင်ဘာ ၂၃ ရက်တွင် ကျိုင်းတုံမြို့နယ် လွယ်မွေမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့ မိသားစုများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ကျိုင်းတုံမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဗိုလ်ချုပ် အောင်သန်းထွဋ်သည် စက်တင်ဘာ ၂၄ ရက်တွင် ကျိုင်းတုံတပ်နယ်ခန်းမ၌ တပ်နယ်မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် မိုးနဲ-ကျိုင်းတုံရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၌ ကျိုင်းတုံဘူတာ တည်ဆောက်နေမှုနှင့် ရထားလမ်းဖောက်လုပ်နေမှုကို လည်းကောင်း **(အပေါ်ပုံ)**၊ ကျိုင်းတုံမြို့ သန့်ရှင်းသာယာ လှပမှုများနှင့် စပါးခင်းများ၊ ရော်ဘာခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ကောင်စီအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ကောင်စီ အစည်းအဝေး (14th MASEAN Council Meeting) ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်များအသင်း အလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ Professor Sommone Phoursavath က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အိမ်ရှင်နိုင်ငံက အဖွဲ့ဝင်နိုင်ငံများအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ပြီး အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများမှ ကိုယ်စားလှယ်များက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများအဖွဲ့၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ကောင်စီအစည်းအဝေးကို နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးပညာပူးပေါင်းဖလှယ်ရေး၊ ဒေသတွင်းကျန်းမာရေးပြဿနာများကို ရှုမြင်သုံးသပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ရရှိစေရေး၊ ဒေသတွင်းပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်း စံနှုန်းတစ်ပြေးညီ မြင့်မားစေရေး စသောရည်ရွယ်ချက်များဖြင့် လည်းကောင်း၊ Global Economic Crisis and its and Its impact on health, Revisiting Medical Protection and Opportunities/ Challenges in Collaboration among MASEAN Countries စသည့် ဒေသတွင်း ကျန်းမာရေး ဦးစားပေးပြဿနာများကို အတွေ့အကြုံဖလှယ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်းနှင့် အများသဘောတူသော ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အစည်းအဝေးမှ ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်အား ရွေးချယ်တာဝန် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင် အရှေ့တောင်အာရှနိုင်ငံ ဆရာဝန်အသင်းများ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ကောင်စီ အစည်းအဝေးတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှားစေးဖိုကျေးရွာ ပါရမီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လှူဒါန်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ပါရမီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ၊ မီဒီယာပစ္စည်းများ၊ အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမောင်ဖေနှင့် မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး ပါရမီစာကြည့်တိုက်ကော်မတီ နာယက ဦးဆက်မောင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ပါရမီစာကြည့်တိုက်ကို ရှားစေးဖိုကျေးရွာ ဓမ္မပါလကျောင်းတိုက် ဆရာတော် ဦးသုနန္ဒ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့် မတည်အလှူရှင် ဦးတင်လှ-ဒေါ်သန္တာခိုင်တို့က ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ စာကြည့်တိုက်သည် သွပ်မိုး၊ အုတ်နံရံနှင့် အလျား ၂၇ ပေ၊ အနံ ၂၂ ပေရှိသည့် အဆောက်အအုံဖြစ်သည်။

ပါရမီစာကြည့်တိုက်အတွက် ဦးတင်လှ- ဒေါ်သန္တာခိုင်တို့က မတည်၍ ကျေးရွာသူ၊ကျေးရွာသားများက အလှူငွေကျပ် ၃၅ သိန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၁ လက်မ ရုပ်မြင်သံကြားပြစက်နှင့် ဒီဗွီဒီစက်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် တစ်သိန်း၊ အလှူရှင်တစ်ဦးက ဆိုလာပြားနှင့် LED မီးလုံးတစ်လုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတရသ စာအုပ် ၅၀ နှင့် ဂျာနယ်အစောင် ၁၀၀ နှင့် ကျေးရွာသူ၊ ကျေးရွာသားများက အလှူငွေကျပ် တစ်သိန်းခုနစ်သောင်းကျော်နှင့် စာအုပ်စာစောင် ၁၅၀ တို့ကို လှူဒါန်းကြပြီး စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များကို သတ်မှတ်ဇုန်အသီးသီး၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၄ ရက်တွင် ပဲခူးဇုန်၌ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ သာယာဝတီဇုန်၌ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၁၂ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ဇုန်၌ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက ကချင်ပြည်နယ်အသင်းကို ၁၀ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၂၅ ရက်တွင် တောင်ငူဇုန်၌ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်သူများ ပညာရည်မြင့်မားမှု၊ ဗဟုသုတပြည့်စုံမှု၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်မှုနှင့် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးမှုတို့ကို ဟန်ချက်ညီညီပေါင်းစပ်ပြီး တစ်မျိုးသားလုံးကြိုးစားမှ ခေတ်မီနိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၅

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၂) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် ယနေ့ကာလကဲ့သို့ သိပ္ပံနှင့် နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများက ဦးဆောင်ပြီး အစစအရာရာ ပြောင်းလဲတိုးတက်နေချိန်တွင် နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံရေးနှင့် စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍကို မဏ္ဍိုင်ပြုပြီး လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်သည်ဟု ခံယူထားရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည်မြင့်မားမှုစွမ်းရည် တိုးတက်ခိုင်မာရေးအတွက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုများအရ အနာဂတ်ကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေး ဦးတည်သော အမျိုးသားပညာရည်မြင့်မားရေး အစီအစဉ်များကို ချမှတ်ပြီး မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ ပြည်သူများ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘဝအဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး ဘက်စုံကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စေတနာရှေ့ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး မျှော်မှန်းပြီး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံးတွင် ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှုအခြေခံကောင်းများ ဖြစ်ထွန်းစေရန်၊ နယ်မြေဒေသအချင်းချင်း လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်စေရန်၊ ဒေသတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူများ မိမိတို့ဒေသအတွင်းမှာပင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိခံစားနိုင်စေရန် ရည်မှန်းချက်များဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ဒေသအလိုက် ဖြန့်ကြက်တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ ဆက်လက်၍လည်း စဉ်ဆက်မပြတ် ထူထောင်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု စွမ်းအားများနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများကို ဟန်ချက်ညီညီပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားမှသာ မိမိတို့ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် ပေါင်းစည်းယှက်နွယ်နေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့သည်သာ ပြည်ထောင်စုကြီးကို မယိုင်မလဲ မပြိုကွဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် တစ်ခုတည်းသော စွမ်းအား အစစ်အမှန် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက် ပြည်ထောင်စုစိတ်ဓာတ် အခြေခံစွမ်းအားဖြင့်သာ အနှောင့်အယှက် အဖျက်အဆီးမှန်သမျှကို တွန်းလှန်ဖြိုဖျက်နိုင်သည်ဆိုသည့် သမိုင်းရေးသင်ခန်းစာကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရက်စက်ကြမ်းကြုတ်သည့် ဖောက်ခွဲ ဖျက်ဆီးမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရန် လူမျိုးရေး၊ ဝါဒရေး၊ ဂိုဏ်းဂဏရေး ခွဲခြားမှုများဖြင့် ပြည်သူများ မျှော်လင့်တောင့်တနေသော အနာဂတ် နိုင်ငံတော်သစ်အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ နှောင့်နှေးပျက်ပြားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မည်သို့သော အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကြံဖန်တီးဆောင်ရွက်စေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲ လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် အဖျက်အန္တရာယ်မှန်သမျှကို တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏ အမျိုးသားရေးပန်းတိုင်ကို မရောက်ရောက်အောင် လျှောက်လှမ်းသွားကြရမှာပင် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အနာဂတ်ကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားသည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရာတွင် အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားကြရန်။

မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို သမိုင်းအစဉ်အလာစောင့်ထိန်းသူများ၊ ကောင်းသောအမွေခံပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စွမ်းရှိသူများ၊ မြန်မာ့လူ့အဖွဲ့အစည်း လူနေမှုဘဝကို မြင့်မားအောင် တည်ဆောက်နိုင်စွမ်းရှိသူများ အဖြစ် ပြုစုပျိုးထောင်သွားကြရန်။

အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များ နှောင့်နှေးပျက်ပြားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် အဖျက်အန္တရာယ်မှန်သမျှကို ညီညွတ်ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ ကသအမှတ် F-၅၈ ဦးတင်ဌေး မူလတန်းကျောင်းအုပ် အခြေခံပညာမူလတန်းကျောင်း(ရွှေကျွန်းကုန်း)ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီးနှင့် သင်တန်းသူ စံပြဆုရ ကသအမှတ် E-၁၁၁ ဒေါ်သူဇာဦး အလယ်တန်းပြဆရာမ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖားကူး သန်လျင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့အား လည်းကောင်း၊ ဖွဲ့လုံ့လဆု ရရှိကြသော ကသအမှတ် F-၁၀၉ ဦးချမ်းသာ မူလတန်းကျောင်းအုပ် အခြေခံပညာမူလတန်းကျောင်း (ဝဲကြီး) ကြံခင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး၊ ကသအမှတ် A-၉၃ ဒေါ်ခင်အေးကြူ အလယ်တန်းပြဆရာမ အမှတ်(၁၂) အခြေခံပညာမူလတန်းလွန်ကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် ကသအမှတ် A-၁၈ ဒေါ်အုန်းမြင့် အလယ်တန်းပြဆရာမ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသား အမျိုးသားတပ်ခွဲ(၅)အဆောင်(၂)နှင့် သင်တန်းသူ အမျိုးသမီးတပ်ခွဲ(၈) အဆောင်(၁၀)တို့မှ တပ်ခွဲခေါင်းဆောင်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင်များအား ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၀၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်နံနက်က မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပရာ အသင်းနာယက ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန် မိသားစုက ကန်တော့ခံအဘိုးအဘွားတို့နှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးတို့အတွက် ငွေကျပ် ၂၃ သိန်း ပူဇော်ချီးမြှင့်စဉ်။

(ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ချန်ထွန်းအောင်နှင့် အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် က ဒဂုံမြို့နယ် အထက(၁)ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၇၂၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခြေလက်မသန်စွမ်းဖြစ်ခဲ့ရသူ နှစ်ဦးတို့က ၎င်းတို့၏ ခံစားချက်နှင့်ယှဉ်၍ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း လိုက်နာကြရေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

အလှူမှာ စာမှာရှိ

တောင်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သံတောင်ကြီးမြို့တွင် ၄ ဒသမ ၂၁လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၈၁လက်မ၊ ဟသ်္သာတမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကန့်ဘလူမြို့တွင် ၃ ဒသမ၄၂ လက်မ၊ ကသာမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၅၉လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၈လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၂၄လက်မနှင့် သံတွဲမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်တင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၂၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာသတင်းများ

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ အာလန်ဒါ လေဆိပ်သို့ ဗုံးလန့်မှုကြောင့် အရေးပေါ် ဆင်းသက်ခဲ့ရသော ပါကစ္စတန် ဂျက်လေယာဉ်။

ပါကစ္စတန်ခရီးသည်တင်လေယာဉ် ဗုံးလန့်မှုကြောင့် ဆွီဒင်၌ အရေးပေါ်ဆင်းသက်ခဲ့ရ

စတော့ဟုမ်း စက်တင်ဘာ ၂၅ - ဗုံးလန့်မှု ဖြစ်ပွားခြင်းကြောင့် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ စနေနေ့က လမ်းကြောင်းပြောင်းဆင်းသက်လာသော ပါကစ္စတန်နိုင်ငံတကာ လေကြောင်းလိုင်းပိုင် ဂျက်လေယာဉ်တစ်စင်းမှ ခရီးသည် ၂၇၃ ဦးကို ဆွီဒင်ရဲတပ်ဖွဲ့က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ဘိုးရင်း ၇၇၇ခရီးသည်တင် ဂျက်လေယာဉ်သည် ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှ ပါကစ္စတန်နိုင်ငံ ကရာချီမြို့သို့ ပျံသန်းနေစဉ် ယင်းခရီးစဉ်တွင် လိုက်ပါလာသော ခရီးသည်တစ်ဦးထံ၌ ဖောက်ခွဲရေးပစ္စည်းများပါလာကြောင်း သတင်းပေးပို့ချက်ကြောင့် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့ အာလန်ဒါလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ဗုံးလန့်မှုဖြစ်စဉ်နှင့် ပတ်သက်သည်ဟု ယူဆရသော ခရီးသည်မှာ ပါကစ္စတန်နွယ်ဖွား ကနေဒါနိုင်ငံသားတစ်ဦးဖြစ်ကြောင်း ဆွီဒင်ရဲတပ်ဖွဲ့က ဖော်ပြခဲ့သော်လည်း ယင်းအချက်နှင့်ပတ်သက်၍ အာဏာပိုင်များက အခိုင်အမာအတည်ပြုခြင်းမရှိသေးပေ။ အဆိုပါ ခရီးသည်တွင် ဖောက်ခွဲရေးပစ္စည်းများပါရှိကြောင်းကို ကနေဒါနိုင်ငံသား အမျိုးသမီးတစ်ဦးက သတင်းပေးခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် ဆွီဒင်ရဲတပ်ဖွဲ့၏ အဆိုအရ ယင်းခရီးသည် အမျိုးသားထံတွင် မည်သည့်ဖောက်ခွဲရေးပစ္စည်းမျှတွေ့ရှိခဲ့ခြင်းမရှိသည့်အပြင် ၎င်းကို စစ်ဆေးမေးမြန်းရန် ဖမ်းဆီးခဲ့စဉ်ကလည်း အသာတကြည်လက်ခံခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ဆွီဒင်ရဲတပ်ဖွဲ့က အဆိုပါအမျိုးသားကို စစ်ဆေးမေးမြန်းနေဆဲဖြစ်သည်။

အေပီ။

ဆိုယုဇ်အာကာသယာဉ် မြေပြင်သို့အောင်မြင်စွာဆင်းသက်

အယ်လ်မာတီ စက်တင်ဘာ ၂၅ - နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)၌ ခြောက်လကြာနေထိုင်ခဲ့ကြသော အာကာသယာဉ်မှူး သုံးဦးကို ပြန်လည်ခေါ်ဆောင်လာသည့် ရုရှားနိုင်ငံ၏ ဆိုယုဇ်အာကာသယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံအလယ်ပိုင်းမြက်ခင်းဒေသ၌ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုယုဇ်အာကာသယာဉ်သည် မူလက စက်တင်ဘာ ၂၄ ရက်တွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်ရန် ရည်မှန်းထားသော်လည်း စက်မှုပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့် နိုင်ငံတကာ အာကာသစခန်းယာဉ်မှ ထွက်ခွာရာတွင် တစ်ရက် နောက်ကျခဲ့ရသည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့်အာကာသအေဂျင်စီ(နာဆာ)ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ ဆိုယုဇ် အာကာသယာဉ်သည် ကြိုတင်သတ်မှတ်ထားသည့် ဆင်းသက်ရမည့်နေရာသို့ မတိမ်းမစောင်း အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ကြိုတင်ရောက်နှင့်

ဆိုယုဇ် အာကာသယာဉ် မဆင်းသက်မီ အချိန်ပိုင်းအလိုတွင် ယင်းအာကာသယာဉ်ဆင်းသက်မည့်နေရာသို့ ရုရှားကယ်ဆယ်ရေးရဟတ်ယာဉ် ၁၂ စင်း ကြိုတင်ရောက်နှင့်နေပြီးဖြစ်ကာ အာကာသယာဉ်ဆင်းသက်မှု အခြေအနေကို စောင့်ကြည့်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

အေပီ။

အိန္ဒိယလေတပ်အတွက် မှာယူထားသော စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်များ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီ တည်ဆောက်

နယူးဒေလီ စက်တင်ဘာ ၂၅ - အိန္ဒိယလေတပ်အတွက် အမေရိကန်နိုင်ငံတွင် တည်ဆောက်နေသော စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး လေယာဉ်ခြောက်စင်းအနက် ပထမဆုံးလေယာဉ်သည် လာမည့်လတွင် စမ်းသပ်ပျံသန်းမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းသတင်းရပ်ကွက်က စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံရှိ လော့ခ်ဟိဒ်မာတင်စက်မှုလုပ်ငန်းကုမ္ပဏီသည် အိန္ဒိယလေတပ်အတွက် မှာယူထားသော စီ-၁၃၀ ဂျေစူပါဟာကျူလီအမျိုးအစား စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်ခြောက်စင်းအနက် ပထမဆုံးလေယာဉ်၌ အင်ဂျင်တပ်ဆင်မှုကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း ကုမ္ပဏီ၏ သတင်းကြေညာချက်တွင်ဖော်ပြသည်။

လော့ခ်ဟိဒ်မာတင်ကုမ္ပဏီသည် ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိ ကန်ထရိုက်စာချုပ်အရ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ မာရီယက်တာစက်ရုံ၌ စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်များကို တည်ဆောက်လျက်ရှိသည်။

စူပါဟာကျူလီအမျိုးအစား စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ကမ္ဘာပေါ်တွင် အလားတူလေယာဉ်အမျိုးအစားများအနက် နည်းပညာအရ ခေတ်အမီဆုံး တည်ဆောက်သည့် လေယာဉ်ဖြစ်သည်။ ယင်းလေယာဉ်တွင် အနီအောက်ရောင်ခြည်သုံး ထောက်လှမ်းရေးကိရိယာအပါအဝင် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည်။

စူပါဟာကျူလီအမျိုးအစား စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ရန်သူ့နယ်မြေအတွင်းသို့ စစ်သည်များအား ပို့ဆောင်ပေးခြင်းနှင့် စစ်ဘက်ဆိုင်ရာ ယန္တရားပစ္စည်းများ ချပေးခြင်းတို့ ပြုလုပ်ရာတွင် စွမ်းပကားမြင့်မားစွာ ဆောင်ရွက်နိုင်သည်။

ယူပီအိုင်။

နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များတွင် သားသားက ဆိုဟန်ကိုအနိုင်ရ ဖိုးကေနှင့် ပါဝိတို့သရေကျ၊ ယနေ့ စိုးလင်းဦးနှင့် မန်ကော်ရို၊ စောငမန်းနှင့် ဆိုင်းရပ်တို့ ထိုးသတ်မည်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Calsome ကွေကာ၏ အဓိကကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်(MTF)နှင့် T&T Group တို့ ပူးပေါင်းတာဝန်ယူစီစဉ်သည့် မြန်မာ-အမေရိကန်-ပြင်သစ်-ထိုင်းနိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ ပွဲစဉ်များကို စက်တင်ဘာ ၂၅ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပခဲ့ရာ သားသား(မြန်မာ)က ဆိုဟန်(ပြင်သစ်)ကို တတိယအချီ၌ အမှတ်စဉ်သုံးကြိမ်အရေခံစေ၍ အနိုင်ရရှိခဲ့ပြီး ဝါးရင်းတုတ်ဖိုးကေ(မြန်မာ)နှင့် ပါဝိ(ထိုင်း)တို့ သရေပွဲဖြစ်သွားသည်။

ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံပူပူနွေးနွေး လုံးချောလေး (ရက္ခဗျာလ) က နိုင်ထူးလွင် (တောင်ကလေး)ကို စတုတ္ထအချီတွင် အကွဲထိုးဖြင့်အနိုင်ယူလိုက်သည်။

ခွန်ပအိုဝ်းကျောက်မျက်ရတနာကုမ္ပဏီမှ ဦးခွန်မြတ်က လုံးချောလေးကို ရွှေ ငါးမူးသားဆွဲကြိုး၊ သားသားနှင့် ဖိုးကေတို့ကို ရွှေတစ်ကျပ်သားဆွဲကြိုးများ ချီးမြှင့်ပြီး ဒေါက်တာ ဦးခင်မောင်ထွန်း၊ ရွှေပွင့်ဖြူဦးဇော်ဇော်တို့ကလည်း ဆုတော်ငွေများ ချီးမြှင့်သည်။ နိုင်ငံတကာ ပွဲအပြီးတွင် သားသားနှင့် ဆိုဟန်အတွဲကို MDG Co,Ltd(ကယ်လ်ဆမ်ကွေကာ)မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ခါးပတ်နှင့် ဆုဖလားချီးမြှင့်ပေးပြီး ပါဝိနှင့် ဖိုးကေအတွဲကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးခင်မောင်ထွန်းက ဆုဖလားများ ချီးမြှင့်ပေးသည်။

ယနေ့ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင်လည်း ပြည်တွင်းစိန်ခေါ်ပွဲခြောက်ပွဲနှင့်အတူ စိုးလင်းဦး (မြန်မာ) နှင့် မန်ကော်ရို (ထိုင်း)၊ စောငမန်း (မြန်မာ) နှင့် Cyrus (အမေရိကန်) တို့၏ ဖိတ်ခေါ်ပွဲများ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ
ဇင်လင်းထွန်း (နေပြည်တော်)

ယနေ့ ယှဉ်ပြိုင်ထိုးသတ်မည့် စိုးလင်းဦး(မြန်မာ) နှင့် မန်ကော်ရို (ထိုင်း)တို့အား တွေ့ရစဉ်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၇)ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၇)တွင် တိုင်းရုံးကြီး လေးရုံး ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ စတင်ပြောင်းရွှေ့၊ ဖိုင်ဘာဆက်ကြောင်းလိုင်းသုံး ရုပ်သံ၊ အင်တာနက် ဖုန်း ရန်ကုန်တွင် ပထမဆုံး စသုံးတော့မည်၊ မြန်မာ့ပထမဆုံး မိုဘိုင်းဖုန်းခရီးသွားလမ်းညွှန်လာပြီ၊ ယာဉ်မှတ်ပုံတင် အတည်ပြုစာများ အကြောင်းကြားပေးသော်လည်း ဆက်လက်ဆောင်ရွက်ခြင်းမရှိသော ယာဉ်ပိုင်ရှင်များအား ဒဏ်ကြေးကောက်မည်၊ နိုင်ငံတကာအဆင့်မီ ကင်ဆာစင်တာဖွင့်မည်၊ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးဖြုတ်ပြေးသူအား အများပြည်သူများက ဖမ်းပေး၊ ဂရုစိုက်ပါ သားအိမ်ခေါင်းကင်ဆာ၊ ကျေးရွာလေးတစ်ရွာအတွင်းမှ ရှေးဟောင်းယဉ်ကျေးမှု ရတနာသိုက်ကြီးသို့ တစ်ခေါက် Culture & History၊ 'အစိုးရက အသိအမှတ်ပြုရင် FEC မလိုတော့ဘူး ပြန်ရုပ်သိမ်းရုံပဲ' ကမ္ဘောဇဘဏ် ဒုတိယ ဥက္ကဋ္ဌ(၂) ဦးသန်းလွင်နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံခြင်း၊ သူတို့ ဘယ်မှာ အရွေးခံကြမလဲ Political View၊ ရွှေမြန်မာတွေ ထိုင်းသို့ တရားဝင်သွားနေပြီ၊ ဗုဒ္ဓ၏ အဆုံးအမတော်များ(၂)၊ စာမဖတ်တတ်သူများကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ဘဝဆိုတာ ဖြစ်ပြီးရင်တော့ ပျက်ရမှာပါ' စင်ကာပူဝန်ကြီးချုပ်ဟောင်းလီကွမ်ယူနှင့် The NewsYork Times တို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘာမှာငတ်မွတ်နေသူတွေများနေဆဲ၊ ကိုယ်အင်္ဂါတရားမဝင်ကုန်ကူးသူများအား တရုတ်တွင် ပထမဦးဆုံးအကြိမ်ထောင်ဒဏ်စီရင်၊ ဂျက်စတင်ဘီဘာမှာ ရည်းစားရှိပြီဆိုလို့ ဆယ်ကျော်သက်ကောင်မလေးတွေအသည်းကွဲ၊ စင်ကာပူတက္ကသိုလ်များအဆင့်လျှော့ကျလာ၊ ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံး အခွန်တိမ်းရှောင်နိုင်ရန် လိမ်လည်ခဲ့သည့် လူလိမ်နှစ်ဦးအား ထောင်ဒဏ် ၁၇ နှစ်စီ ပြစ်ဒဏ်ချ၊ အာရှစီးပွားရေး တိုးတက်မှုနှေးလာဖွယ်ရှိ၊ အချစ်ကိုလှည့်ဖြားမယုံစားကြလေနဲ့တော့ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ၊ ပထမကမ္ဘာစစ်အတွင်းက စစ်မြေပြင်မှတ်တမ်းတစ်ခုကို စူးစမ်းလေ့လာခြင်းကဲ့သို့သော ဖတ်စရာဆောင်းပါးများ စုံလင်စွာဖြင့် e-Empire Media Houseမှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

တီဗက်ဇ်၏သွင်းဂိုးဖြင့် ချယ်လ်ဆီးကို မန်စီးတီးအနိုင်ယူ

လန်ဒန် စက်တင်ဘာ ၂၅

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၆) ပထမနေ့ရဲ့ အစောပိုင်း ပွဲစဉ်အဖြစ် မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာမန်စီးတီးက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပါတယ်။

ပွဲထွက်လာ

အိမ်ရှင် မန်စီးတီးမှာ ဂျိုးဟတ်၊ ဇာဘလက်တာ၊ ကိုလိုတိုရေး၊ ဘိုယာတာ၊ ကွန်ပနီ၊ ဆေးလ်ဗား၊ ဒီဂျုံးစ်၊ ဘယ်ရီ၊ မေလ်နာ၊ ယာယာတိုရေး၊ တီဗက်ဇ် စတဲ့ အဓိကကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ကာ ချယ်လ်ဆီးကလည်း လမ်းပတ်ကလွဲပြီး ပီတာချက်၊ ဂျွန်တယ်ရီ၊ အဲလစ်၊ အီဗန်နိုဗစ်၊ အက်ရှ်လေကိုး၊ မာလူဒါ၊ အက်ဆီယံ၊ မီခေးလ်၊ ရာမီရစ်၊ ဒရော့ဘာ၊ အနယ်လ်ကာတို့နဲ့ လူစုံခဲ့ပါတယ်။

ဆုံးရှုံးခဲ့

ပွဲအစမှာ အိမ်ရှင် မန်စီးတီးက ဘယ်ရီ၊ ဆေးလ်ဗား၊ တီဗက်ဇ်တို့ရဲ့ တွဲလုံးတွေနဲ့ ချယ်လ်ဆီးဂိုးပေါက်ကို ခြိမ်းခြောက်ဖို့ ကြိုးစားလာခဲ့ပါတယ်။ ဒါပေမယ့်ပွဲချိန် ၁၀ မိနစ် နောက်ပိုင်းမှာ ချယ်လ်ဆီးက ပွဲကို ထိန်းချုပ်လာနိုင်ခဲ့ပါတယ်။ ၂၄ မိနစ်မှာ ကိုလိုတိုရေး ခေါင်းတိုက်သွင်းခဲ့ပေမယ့် ချယ်လ်ဆီး ဂိုးသမား ပီတာချက် ကာကွယ်နိုင်ခဲ့ပါတယ်။ ၂၇ မိနစ်မှာ မာလူဒါရဲ့ ဖြတ်တင်ဘောကို အီဗန်နိုဗစ် နှစ်ကြိမ်ဆက်တိုက် ခေါင်းတိုက်ခွင့်ရခဲ့ပေမယ့် မန်စီးတီးဂိုးသမားဂျိုးဟတ် အကောင်းဆုံး ကာကွယ်သွားပါတယ်။ ၄၃ မိနစ်မှာ အက်ဆီယံဂိုးဧရိယာထိပ်ကနေ ကန်သွင်းရာ ဂိုးဘားတန်းအတော်များများ ကျော်ခဲ့တာကြောင့် ချယ်လ်ဆီးတို့ ဂိုးရမယ့် အခွင့်အရေး ဆုံးရှုံးခဲ့ရပါတယ်။

အနိုင်ဂိုး

ဒီနေ့ပွဲမှာ မန်စီးတီးတိုက်စစ်ကို ဦးဆောင်လာတဲ့ တီဗက်ဇ်က ပွဲချိန် ၅၉ မိနစ်မှာ မန်စီးတီးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာချယ်လ်ဆီးက ချေပဂိုးပြန်လည်ရရှိရေး ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ဘဲ မန်စီးတီးကို အရှုံးပေးလိုက်ရပါတယ်။

အင်တာနက်။

မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ် ဤကဲ့သို့ ထိုးဖောက်ကစားခဲ့စဉ်။

အခြားပွဲစဉ်ရလဒ်များ

အာဆင်နယ်	၂ - ၃	ဝက်စ်ဘရွန်း
ဘာမင်ဂမ်	၀ - ၀	ဝီဂန်
ဘလက်ပူးလ်	၁ - ၂	ဘလက်ဘန်း
ဖူလ်ဟမ်	၀ - ၀	အဲဗာတန်
လီဗာပူး	၂ - ၂	ဆန်းဒါးလန်း
ဝက်စ်ဟမ်း	၁ - ၀	စပါး

ဝင်းတင် (ကြေးမုံ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ အမှတ်(၄/ခ) ဟုခေါ်တွင်သည့် မြေတိုင်း ရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၄/ခ)၊ ဧရိယာ ပေ(၂၀×၆၀)ရှိ နှစ် (၆၀)ဂရန်မြေကွက် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိ အမည်ပေါက် ပိုင်ရှင် ဦးသောင်းမြင့် (CB-025260)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဟန်စိုး[၁၀/ မလမ(နိုင်) ၀၀၄၆၁၄]က အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေဖိုး စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။

သို့ဖြစ်ရာ ဖော်ပြပါအရောင်းအဝယ်နှင့် ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင် (ဥပဒေတွဲ)
တရားရုံးချုပ်ရှေ့နေ (၆၈၉၃)
အမှတ်(၅)၊ ငွေလရောင်လမ်း၊ ဆရာစံတောင် (စံပြ) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၅၉၃၉၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-ရကတ/၂၀၈၃၈ လော်ဂျား ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး မှတ်ပုံတင်အမှတ်[၁၂/ တတန(နိုင်)၀၃၁၅၁၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-ရကတ/၂၀၇၁၉ အမ်ဘိုဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကြင်ရွှေ မှတ်ပုံတင်အမှတ်[၁၂/ တတန(နိုင်) ၀၀၇၆၇၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ H၊ လူနေရပ်ကွက်အမှတ်-ကျိုက္ကဆံ၊ မြေကွက်အမှတ်-၈၂၉၊ ဧရိယာ ၂၀' × ၄၀' ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-၁၁၅ ဟုခေါ်တွင်သောနေအိမ်ကို အမည်ပေါက်သူ ဒေါ်တင်ကြည်[၁၂/ ဗဟန(နိုင်)၀၆၇၅၇၂]နှင့် ဖခင်ဖြစ်သူ ဦးထွန်းကြည်တို့ ကွယ်လွန်၍ သားသမီးများအဖြစ် အမွေဆက်ခံပိုင်ဆိုင်ကြောင်း အဆိုပြုကမ်းလှမ်းသူများဖြစ်သော (၁)ဦးစန်းမောင်[၁၂/ခရန(နိုင်)၀၈၀၀၂၃]၊ (၂)ဒေါ်သန်းသန်းဝင်း[၁၂/ဗဟန(နိုင်)၀၆၇၅၄၉]၊ (၃)ဦးအောင်ဝင်း[၁၂/ဗဟန(နိုင်)၀၆၇၅၆၀]၊ (၄)ဦးမျိုးထွန်းနိုင်[၁၂/ဗဟန(နိုင်)၀၆၈၅၈၁]၊ (၅)ဦးတိုးလှိုင်[၁၂/ဗဟန(နိုင်)၀၀၃၅၁၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးထွန်းသာမောင်(LL.B) (စဉ်-၅၃၇၀)
သင်းကြူစိုး(LL.B, LL.M) (စဉ်-၆၅၅၆)

တရားရုံးချုပ်ရှေ့နေများ
အမှတ်-၅၅၊ အခန်း-၂၃၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၂၈၀၄၊ ၀၉-၅၀-၇၉၆၀၀၊ ၀၉-၅၀-၁၆၃၅၂

သားများအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မအူပင်မြို့၊ အမှတ်(၄၉)၊ တေဇလမ်း၊ အမှတ်(၄)ရပ်ကွက်နေ ကျွန်တော်၊ ကျွန်မတို့၏သားများဖြစ်သော မောင်သန်းစိုး(ခ)အောင်ဖြူ[၁၄/မအပ(နိုင်)၀၀၀၈၇၃]နှင့် မောင်အောင်မျိုးသန့်(ခ)မျိုးကြီး[၁၄/မအပ(နိုင်)၀၀၀၈၇၄]တို့နှစ်ဦးသည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတုန်အန်း[၁၄/မအပ(နိုင်)၁၃၃၅၂၀]
ဒေါ်ပိုးခင်[၁၄/မအပ(နိုင်)၀၀၆၅၉၅]

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၉-၂၀၁၀ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ ပါ ရှေ့နေ ဦးခင်မောင်မောင်၏ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ပစ္စည်းများ ပိုင်ဆိုင်သူ ဦးဇေလတ်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးခင်မောင်မောင်
တရားရုံးချုပ်ရှေ့နေ (စဉ်-၄၆၀၉)

အလိမ္မာစာမှာရှိ

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ် (၁၀)စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင်/ မြင်းကောင်ရေ
မြစ်ကြီးနား(၂၈-၉-၂၀၁၀)			
၁။	အမည်မရှိ သစ်မှောင်ခိုလှေ	၃၆×၅×၂	ဟွန်ဒါအင်ဂျင်၊ မြင်း-၁၅
မြိတ်(၂၈-၉-၂၀၁၀)			
၁။	အမည်မရှိ သစ်ခိုးလှေ	၇၂×၁၁×၅	ဟီးနိုးအီးကေ-၁၀၀ (၆)လုံးထိုး၊ မြင်း-ဖတ်မရ
၂။	အမည်မရှိ မီးသွေးလှေ	၆၀. ၆×၁၃. ၁၁×၄	တရုတ်နီ၊ မြင်း-၂၅(၁)လုံး တရုတ်နီ၊ မြင်း(၈/၁၀) (၁) လုံး
၃။	အမည်မရှိ သစ်မှောင်ခိုလှေ	၆၆. ၆×၁၁. ၆×၅	ဟီးနိုးအိပ်ချ်အို -7C (၆)လုံးထိုး၊ မြင်း-၁၈၀
၄။	ပန်းပွင့်ဖြူ (၁) မီးသွေးလှေ	၆၉. ၃×၁၆. ၅×၇	ဟီးနိုးအီးကေ-၁၀၀၊ (၆)လုံးထိုး၊ မြင်း-ဖတ်မရ
၅။	အမည်မရှိ မီးသွေးလှေ	၅၃. ၄×၁၁. ၄×၂. ၁၁	မစ်ဆူဘီရှိ 4D-33၊ (၄) လုံးထိုး မြင်း-၁၁၀
၆။	အမည်မရှိ မြန်မာမှောင်ခိုလှေ	၆၆×၁၅. ၅×၅. ၁၀	နစ်ဆန်းပီဒီ-၆၊ (၆)လုံးထိုး၊ မြင်း-၁၈၅
၇။	အမည်မရှိ သစ်ခိုးလှေ	၄၉. ၇×၉. ၉×၄. ၂	တရုတ်နီ၊ မြင်း-၂၅(၁)လုံး တရုတ်နီမြင်း-၈/၁၀ (၂)လုံး
ကျောက်ဖြူ (၂၈-၉-၂၀၁၀)			
၁။	အမည်မဲ့၊ နွားမှောင်ခိုလှေ	၈၀×၁၉×၇	နစ်ဆန်း၊ (၁၀) လုံးထိုး၊ မြင်း-၄၂၅
၂။	Lucky Flower နွားမှောင်ခိုလှေ	၆၈×၁၈×၆	နစ်ဆန်း RD-8 (၈) လုံးထိုး၊ မြင်း-၃၇၅

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိ ရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်-

ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး - ဖုန်း- ၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြစ်ကြီးနားဒေသ - ဖုန်း-၀၃၃-၄၀၀၆၃
မြိတ် - ဖုန်း- ၀၃၁-၄၀၀၆၈၊ ၀၃၁-၄၀၀၆၉
ကျောက်ဖြူဒေသ - ဖုန်း-၀၃၂-၃၃၀၂၁၊ ၀၃၂-၃၃၀၂၅

တင်ဒါပိတ်ရက်ပြောင်းရွှေ့သတ်မှတ်ခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ခေါ်ယူထားသော ၁၇-၉-၂၀၁၀ ရက် ကြေးမုံသတင်းစာပါ 66 KV Switch Bay (၁)စုံ တပ်ဆင်ခြင်းနှင့် 66 KV Gantry Tower တည်ဆောက်ခြင်းတင်ဒါအတွက် မူလတင်ဒါပိတ်ရက် ၂၄-၉-၂၀၁၀ ရက်အစား ၂၈-၉-၂၀၁၀ ရက်သို့ ပြောင်းရွှေ့သတ်မှတ်ပါသည်။

စီမံကိန်းဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
အမှတ်(၁)စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၃၈၊ ဖက်စ်-၄၀၈၁၈၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-B၊ မြေကွက်အမှတ် V ၁၀၄၊ မြေကွက်တည်နေရာ ၄၅၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်၊ (ဦးထွန်းလုံနှင့် မောင်ရွှေအိုး) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းလုံနှင့် မောင်ရွှေအိုး ကွယ်လွန်သဖြင့် ၁။ ဦးမြင့်အောင်[၁၂/အလန(နိုင်) ၀၃၀၄၇၅]၊ ၂။ ဦးမျိုးအောင်[၁၂/အလန(နိုင်)၀၃၀၄၉၀]၊ ၃။ဒေါ်နီနီအောင်[၁၂/အလန(နိုင်)၀၂၉၈၈၇]၊ ၄။ ဦးကိုကိုအောင်[၁၂/အလန(နိုင်)၀၂၉၈၈၈]တို့က မြေးနှင့်သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တနိုင်းမြို့နယ်

ရေပေးရေးလုပ်ငန်းဆောင်ရွက်

တနိုင်း စက်တင်ဘာ ၂၅

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော လွတ်လပ်ရေး ကျောက်တိုင်ကွင်းအတွင်း နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံ ရေစင်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၆ရက်က အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လှိုင်လင်၌ မီးဘေးလုံခြုံရေးဆောင်ရွက်

လှိုင်လင် စက်တင်ဘာ ၂၅

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးလိုင်းကြိုးများ၊ လျှပ်စစ်သုံးဈေးဆိုင်ခန်းများအား အမှုဆောင်အရာရှိ ဦးဂျော့မျိုးမြင့်နှင့် မြို့နယ်ဈေးမီးဘေးလုံခြုံရေးအဖွဲ့တို့က စက်တင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးကြပ်မတ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ်တွင် သာယာစည်ပင်

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စာတိုက်လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သီရိမွန်ကျေးရွာ အများသုံး နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တန့်ယန်းမြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပေချောင်း-ကံ့ကော်တစ်ထောင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်စဉ်။ (၃၈၃)

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အုတ်ဖို-ကျက်ဆူတော ကျေးလက်(ဂဝံ)လမ်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ ညှော်ခံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ညှော်ခံပွဲကျင်းပရာ ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)